မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၀၉)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၃၉) နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် သဝဏ်လွှာပေးပို့

အာဆီယံသည် အောင်မြင်မှုရှိသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာ ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့တွင် များစွာအထောက်အကူပြု အာဆီယံပဋိညာဉ်စာတမ်း အောင်အောင်မြင်မြင် ဆောလျင်စွာပေါ်ပေါက်လာရေး မျှော်မှန်း

နေပြည်တော် ဩဂုတ် ၈

၂၀၀၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကျရောက်သည့် (၃၉)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်–

အရှေ့တောင်အာရှနိုင်ငံများအသင်း ထူထောင်သည့် (၃၉)နှစ်မြောက် အခါသမယတွင် အာဆီယံအဖွဲ့ကြီး၏ အောင်မြင်မှုများအတွက် မိမိအနေဖြင့် များစွာနှစ်ထောင်းအားရ ဂုဏ်ယူမိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ နီးပါးအတွင်း ပိုမိုထက်မြက်ထွန်းတောက်လာပြီး စီးပွားရေးအရလည်း ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အာဆီယံသည် ဒေသအတွင်း ဒေသဆိုင်ရာ အဖွဲ့အစည်းများ ထူထောင်မှုတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့တွင် များစွာအထောက်အကူပြုလျက်ရှိပါသည်။ သို့ဖြစ်၍ အာဆီယံသည် ဒေသတွင်းရှိ နိုင်ငံကြီးများအကြားတွင် အောင်မြင်မှုရှိသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Ruengroj Mahasaranond ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ●

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranondအား နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

ယနေ့သည် ၁၃၆၈ခုနှစ် ဝါခေါင်လပြည့်နေ့ဖြစ်သည်။ ဝါခေါင်လသည် မြန်မာတို့၏ တစ်ဆယ့်နှစ်လတွင် ပဉ္စမလဖြစ်သည်။ ဝါခေါင်လပြည့်နေ့၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် **"မေတ္တာအခါတော်နေ့"**ကို နေရာဒေသအလိုက် ကျင်းပကြသည့်နည်းတူ ရှေးအစဉ်အလာ လှူဒါန်းမြဲဖြစ်သော စာရေးတံပွဲကိုလည်း ဆင်နွှဲလှူဒါန်းလေ့ရှိကြသည်။

ရှေးအခါက ဝါခေါင်ကာလ အခါသမယ၌ ရဟန်းတော်ငါးရာသည် မြတ်စွာဘုရားရှင် ထံတော်မှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ်တော်မူကြကာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ကြသည်။

ထိုတောအုပ်၌ နေထိုင်ကြသော နတ်များသည် ရဟန်းတော်များရှိနေသဖြင့် မိမိတို့ဗိမာန်တွင် နေထိုင်ခြင်းမပြုရသောကြောင့် ရဟန်းတော်များအား အမျိုးမျိုးခြောက်လှန့်ကြသည်။ သို့အတွက် ရဟန်းတော်များသည် ဘုရားရှင်ထံ ပြန်သွားကြရာ ဘုရားရှင်က မေတ္တာသုတ်ဒေသနာတော်ကို ဟောကြား၍ ပြန်လွှတ်တော်မူသည်။ ရဟန်းတော်များက မေတ္တာသုတ်ဒေသနာတော်လာ မေတ္တာတရားကို ပွားများကြသဖြင့် မေတ္တာ၏ စွမ်းအားကြောင့် နတ်များက ခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်းပေးခြင်း စသည်ဖြင့် ရဟန်းတော်တို့၏နေခြင်းကို ဝမ်းမြောက်ကြလေ၏။ ထို့ကြောင့် မေတ္တာတရားသည် ရန်သူ အဖြစ်မှ မိတ်ဆွေဖြစ်သွားစေနိုင်ကြောင်း သိရှိနိုင်သည်။

"မေတ္တာ"ဟူသည် သတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားသော **"အဒေါသ စေတသိက်"** ပင်ဖြစ်သည်။

မေတ္တာ၏သဘာဝမှာ သီတာရေစင်ကဲ့သို့ အေးမြသောသဘော၊ စန္ဒကူးနံ့သာ၊ စပယ်၊ ကြက်ရန်း၊ ဂမုန်း၊ ခတ္တာစသည့် ပန်းများကဲ့သို့ မွှေးပျံ့သော သဘောရှိ၏ဟု သတ်မှတ်ကြ၏။ ထိုသတ်မှတ်သည့် အတိုင်း မေတ္တာရှင်ပုဂ္ဂိုလ်၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ အားလုံးသည် အေးမြကြည်လင်နေ၏။

မေတ္တာသည် ဗြဟ္မစိုရ်တရား လေးပါးတွင် ပါဝင်သည်။ မေတ္တာတရား ပွားများကြသည့်အခါ မေတ္တာ၏ရန်သူများကို နှိမ်နင်းရန် အဓိက လိုအပ်သည်။ မေတ္တာ၏ အနီးရန်သူမှာ တဏှာရာဂဖြစ်သည်။ အဝေးရန်သူမှာ ဒေါသဖြစ်သည်။ ထို့ကြောင့် မေတ္တာ၏ရန်သူနှစ်မျိုးဖြစ်သည့် တဏှာရာဂနှင့် ဒေါသတို့ကို နှိမ်နင်းပေးရန်အတွက် လိုအပ်ခြင်းဖြစ်သည်။

မေတ္တာ၏အကျိုးသက်ရောက်မှုကို ရရှိစေရန် မေတ္တာ၏အကျိုး တရားများကို ဆင်ခြင်ပေးရမည်။ မေတ္တာသည် မိမိ၏ဒေါသကို ဖျောက်ဖျက်နိုင်သည်။ သူတစ်ပါး၏ဒေါသကိုလည်း ပယ်ဖျောက်စေ နိုင်သည်။

မေတ္တာဟူသည်မှာ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတည်းကိုဖြစ်စေ၊ အများကိုဖြစ်စေ ကောင်းကျိုးချမ်းသာ တရားဖြစ်စေလိုသည့် စိတ်ထားပင်ဖြစ်သည်။

ယင်းသို့ ရှိသင့်ရှိထိုက်သော မေတ္တာတရားကို လူသားတိုင်း၊ သက်ရှိ ပုဂ္ဂိုလ်တိုင်း လက်ကိုင်ထား၍ ပွားများနိုင်စေရန်အတွက် ဤဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"ဟု သတ်မှတ်ပြီး ဤနေ့ထူးနေ့မြတ်မှစ၍ ကမ္ဘာအရှည်တည်တံ့နေသမျှ ကာလပတ်လုံး မွန်မြတ်သော မေတ္တာမိုးတို့ ရွာသွန်းဖြိုးပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် မာတိကာများအဖြစ် မြှင့်တင် သိပ္ပံလက်တွေ့ခန်းနှင့်မာလ်တီမီဒီယာစာသင်ခန်းများ အသုံးပြု

နေပြည်တော် ဩဂုတ် ၇

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပညာရေးကောလိပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၅ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အခြေခံပညာ ဆရာဆရာမများ၏ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေးအတွက် ပညာရေးကောလိပ်များက ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ အဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအဖြစ် မြှင့်တင်ဆောင်ရွက်ရေး၊ သင်ထောက်ကူပစ္စည်းများ၊ သိပ္ပံလက်တွေ့ခန်းများနှင့် မာလ်တီမီဒီယာ စာသင်ခန်းများကို အပြည့်အဝ အသုံးပြုသင်ကြားပေးရေး၊ စိတ်ဓာတ်နှင့် စည်းကမ်းပြည့်ဝသည့် နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရေး အစီအစဉ်များကိုလည်း ကြပ်မတ်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းမှာကြားသည်။

ဆက်လက်ကျင်းပ

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးကောလိပ်များ၏ သင်ကြားသင်ယူမှုလုပ်ငန်းတွင် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၈-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ ပညာခေတ်
၅း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၃။ လျှပ်တစ်ပြက်
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၂)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း-၂၄)ဇာတ်သိမ်းပိုင်း

တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ကြီးမှူး မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၄ရက် ညနေ၃နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှင်စောပုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အားပေးချီးမြှင့်သည်။

အမှာစကားပြော

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ပြည်သူ့ဆေးရုံမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာဒေါ်ဝေဝေမြင့်က မိခင်နို့ တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ပညာပေး ဟောပြောသည်။

ဆုပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)**

ဂုဏ်ပြုလက်ဆောင်ပေး

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က မိခင်နို့တိုက်ကျွေးရေး ပညာပေး ဟောပြောပေးသော ဒေါက်တာဒေါ်ဝေဝေမြင့်နှင့် သံချပ်၊ ကဗျာများ ရွတ်ဆိုဖျော်ဖြေပေးကြသော မြို့နယ်များကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်၌ ပြသထားသည့် မိခင်နို့တိုက်ကျွေးရေး ပညာပေးပိုစတာ ကားချပ်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေစပယ်ရိပ်မွန် ရွှေဇလပ်လမ်း တိုက်-ပီ၊ အခန်း(၅)နေ ကွယ်လွန်သွားသော နှစ်ဖက်မိဘများအား ရည်စူး၍ ဦးစံထွန်း၊ ဇနီး ဒေါ်တင်နုမိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်တို့တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်စစ်သေနာပတိချုပ် General, Ruengroj Mahasaranond ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatat နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranondနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အာဆီယံသည် အသိုက်အဝန်းတစ်ရပ်အဖြစ်သို့ ပေါင်းစည်းလာချိန် အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရေးပါ

■ ရှေ့ဖုံးမှ

အာဆီယံ၏ အောင်မြင်မှုများသည် တစ်နိုင်ငံချင်း သို့မဟုတ် အအုပ်အဖွဲ့အလိုက် စုစည်းဆောင်ရွက်ခဲ့မှုကြောင့်သာမကဘဲ အာဆီယံ၏ ခံယူချက်များဖြစ်သော တူညီဆန္ဒအရ ဆောင်ရွက်ခြင်း၊ အပြုသဘောဆောင်သည့် တွေးခေါ်မြော်မြင်မှုရှိခြင်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမပြုခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ အာဆီယံနိုင်ငံများအနေဖြင့် မိမိတို့ချမှတ်ထားသည့် အခြေခံမူကြီးများကို တိကျစွာလိုက်နာကာ မိမိတို့၏ ကြိုးစားအားထုတ်မှုများကို တစိုက်မတ်မတ် တိုးတက်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အာဆီယံသည် ယနေ့အချိန်အခါတွင် သက္ကရာဇ် ၂၀၂၀အမီ အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ဆောက်နိုင်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအသိုက်အဝန်းတည်ထောင်နိုင်ရေးအတွက် အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်းဟူသော အဓိကမဏ္ဍိုင်ကြီး (၃)ရပ်ပေါ်အခြေခံလျက်ရှိပါသည်။ ယင်းအသိုက်အဝန်းတည်ဆောက်ရာတွင် မိမိတို့သည် အာဆီယံ ၂၀၂၀ပြည့်နှစ် မျှော်မှန်းချက်ကို လမ်းညွှန်အဖြစ်ထား၍ ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်ကို မိမိတို့၏ ရှေ့လုပ်ငန်းစဉ်သဖွယ် ထားရှိဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

အာဆီယံအနေဖြင့် မိမိ၏ မျှော်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်မှုတွင် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ အာဆီယံအဖွဲ့ကြီးသည် ယုံကြည်အားကိုးနိုင်လောက်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာရန်လိုအပ်ပါသည်။ ဆွေးနွေးဖက် နိုင်ငံများနှင့် ဆက်ဆံရေးတွင် အာဆီယံအနေဖြင့် အဓိကအခန်းမှ ဆက်လက်တည်ရှိရန်အတွက် ကြိုးပမ်းသွားရမည်ဖြစ်ပါသည်။ အာဆီယံအနေဖြင့် ဆင်းရဲမှုနှင့် လူမှုစီးပွားမညီမျှမှုစသည့် ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးကို အဓိကရင်ဆိုင်ဖြေရှင်းသွားရမည်ဖြစ်ပါသည်။ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များအနေဖြင့် အာဆီယံ၏ ပင်မရေစီးကြောင်းတွင် ပါဝင်လာနိုင်ရန်အတွက် အာဆီယံ ပေါင်းစည်းရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အာဆီယံအသိုက်အဝန်း တည်ဆောက်ရာတွင် သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်မှာ အာဆီယံပဋိညာဉ်စာတမ်း ပေါ်ထွန်းလာရေးဖြစ်ပါသည်။ အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံအဖွဲ့ကြီး၏ ဥပဒေကြောင်းအရ ရပ်တည်မှုကို အထောက်အကူပြုမည်ဖြစ်သည့်အပြင် (၂၁)ရာစုနှစ်အတွက် လမ်းညွှန်သဖွယ် ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ အာဆီယံပဋိညာဉ်စာတမ်း ဖြစ်ထွန်းလာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော ပညာရှင်ပုဂ္ဂိုလ်များအဖွဲ့၏ ဆောင်ရွက်ချက်များကို မိမိအနေဖြင့် ချီးကျူးပါသည်။ ယင်းအာဆီယံပဋိညာဉ်စာတမ်း အောင်အောင်မြင်မြင် ဆောလျင်စွာ ပေါ်ပေါက်လာရန်လည်း မျှော်မှန်းပါသည်။

တစ်ဖက်တွင်လည်း အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မကြာခဏဖြစ်ပေါ်လျက်ရှိသော သဘာဝဘေးအန္တရာယ်တို့ကိုလည်း ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် အဆိုပါ စိန်ခေါ်မှုများကို ဆွေးနွေးဖက်နိုင်ငံများနှင့်သာမက အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းတို့နှင့်ပါ ထိရောက်စွာ ပူးပေါင်းဆောင်ရွက် ကျော်လွှားသွားရမည်ဖြစ်ပါသည်။

အာဆီယံသည် အသိုက်အဝန်းတစ်ရပ်အဖြစ်သို့ ပေါင်းစည်းလာချိန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူတို့၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးပါလာပါသည်။ ထို့ကြောင့်အာဆီယံနိုင်ငံများမှ ပြည်သူများအချင်းချင်း ထိတွေ့မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာသကဲ့သို့ တစ်ဦးနှင့်တစ်ဦး နားလည်သဘောပေါက်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ယုံကြည်ချက်၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားပေါင်းစုံရှိကြသည့် အာဆီယံနိုင်ငံများအကြား နားလည်သဘောပေါက်စွာ အတူတကွ ယှဉ်တွဲနေထိုင်သွားရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ အာဆီယံအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များတွင် ပြည်သူများက တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြပါရန်နှင့် မိမိအနေဖြင့် တိုက်တွန်းလိုပါသည်။

အာဆီယံ၏ စဉ်ဆက်မပြတ် တိုးတက်မှု၊ လက်ရှိနှင့် အနာဂတ်ကာလများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မှုသည် မိမိတို့၏ စိတ်အားထက်သန်တက်ကြွသောလူငယ်များပေါ်တွင် များစွာမူတည်လျက် ရှိနေပါသည်။ အာဆီယံနိုင်ငံများမှ လူငယ်ထုသည် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးမျှော်မှန်းချက်ကို သိရှိနားလည်ရန် လိုအပ်သကဲ့သို့ မိမိတို့ အစဉ်အဆက်က မျှော်မှန်းခဲ့သည့် ၁၀နိုင်ငံစလုံးပါဝင်သော အသိုက်အဝန်းတစ်ရပ် တည်ဆောက်ရေးအတွေးအခေါ်ကို ခံယူထားရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် ယခုနှစ်အတွက်ရွေးချယ်ခဲ့သော **“အာဆီယံနှင့်လူငယ်များ”** ဆောင်ပုဒ်သည် အာဆီယံ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်းနှင့် ကိုက်ညီလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် အာဆီယံအကြောင်းကို လူငယ်အများ သိရှိစေရန် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းတည်ငြိမ်ပြီး သာယာဝပြောသော အသိုက်အဝန်းတစ်ရပ်တည်ဆောက်ရာတွင် လူငယ်မျိုးဆက်တို့အနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်သွားနိုင်သည့် စွမ်းရည် ထုထောင်ပေးရန် လိုအပ်ပါသည်။ အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးရည်မှန်းချက် ဖြစ်မြောက်စေရေးအတွက် အားလုံးက လက်တွဲဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။ **(သတင်းစဉ်)**

ဆီးနှင်းများကြား ပိတ်မိနေကြသူများအား တောင်အာဖရိကလေတပ်မှ ကယ်တင်နိုင်ခဲ့

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၇

တောင်အာဖရိကနိုင်ငံ၏ တောင်တန်းများထူထပ်သော လီဆိုသိုနိုင်ငံနှင့်နယ်စပ်တွင် သိပ်သည်းစွာကျနေသော ဆီးနှင်းများကြား၌ ပိတ်မိနေသော လူတစ်ဒါဇင်ခန့်အား ဩဂုတ် ၄ရက်တွင် တောင်အာဖရိကလေတပ် စစ်ရဟတ်ယာဉ်များက ကယ်တင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များသည် ပိတ်မိနေသူများကို ဆက်လက်ရှာဖွေနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဖော်ပြ

တောင်အာဖရိက၏ ဒေသအချို့တွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ခြင်းကြောင့် အကြီးအကျယ်ထိခိုက်နစ်နာခဲ့ရကြောင်း၊ အထူးသဖြင့် လီဆိုသိုနိုင်ငံနှင့် နယ်စပ်အရှေ့ပိုင်း ကိတ်ဒေသတွင် အနည်းဆုံးလူနှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြကြသည်။

ဆိုးရွား

တောင်အာဖရိကနှင့် လီဆိုသိုနှစ်နိုင်ငံရှိ ဆီးနှင်းများကြားတွင် ပိတ်မိနေသောလူများအား ရှာဖွေရန် လီဆိုသိုလေတပ်ကင်းထောက်အဖွဲ့သည် ကြာသပတေးနေ့က ရာသီဥတုဆိုးရွားနေသောကြောင့် ရှာဖွေရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။ တောင်အာဖရိက လေတပ်ရဟတ်ယာဉ်များသည် သောကြာနေ့က ရှာဖွေရေးအစီအစဉ်ကို ပူးတွဲကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်တောင်ပိုင်း၌ ပရာပီရှန်းမုန်တိုင်းကြောင့် လူ ၅၅ ဦး သေဆုံးခဲ့

နန်နင်း ဩဂုတ် ၇

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံးပြည်နယ်နှင့် ကွမ်စီကျွမ့်ကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့၌ ပရာပီရှန်း မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူ ၅၅ဦး သေဆုံးပြီး ၁၇ ဦး ပျောက်ဆုံးနေကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၌ ဖော်ပြသည်။

အပူပိုင်းမုန်တိုင်း

ယင်းမုန်တိုင်းမှာ အားပျော့သွားပြီး အပူပိုင်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားသည့် ကွမ်စီကျောင်း၌ အသေအပျောက်များ တိုးလာခဲ့ကြောင်း သိရသည်။

ရေကြီးမြေပြို

အဆိုပါမုန်တိုင်းမှာ မိုးသက်လေပြင်းများဖြင့် ဝင်ရောက်ခဲ့ရာ ဩဂုတ် ၄ ရက် နေ့လယ်ပိုင်းက ယင်းဒေသများတွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

မက္ကဆီကိုကမ်းခြေများတွင် ဝေလငါးများ သေဆုံးလျက်တွေ့ရှိ

မက္ကဆီကိုစီးတီး ဩဂုတ် ၇

မက္ကဆီကိုနိုင်ငံ၏ လူနေနည်းပါးသော ဘာဂျာ၊ ကယ်လီဖိုးနီးယား၊ ပင်နင်ဆူလာအနီးရှိ ကမ်းခြေများပေါ်တွင် နှုတ်သီးပါသောဝေလငါး ၁၁ ကောင် သေဆုံးလျက် ရေမျောကမ်းတင်နေကြောင်း မက္ကဆီကို၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအေဂျင်စီက ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ပြောကြား

များသောအားဖြင့် ကယ်လီဖိုးနီးယားပင်လယ်ကွေ့ဟု လူသိများသော ကာတက်ဇ်ပင်လယ်ရှိ ကျွန်းများပေါ်တွင် ယခုရက်သတ္တပတ်အစောပိုင်းက ယင်းဝေလငါးများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ သေဆုံးခဲ့သည်မှာ ရက်များစွာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

စုံစမ်းစစ်ဆေး

ယင်းဝေလငါးများ သေဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း၊ နှုတ်သီးပါသော ဝေလငါးများသည် အကောင်သေးငယ်ကာ အသားစား သတ္တဝါများ ဖြစ်ကြပြီး သားကောင်ကို ပါးစပ်တွင်းသို့ စုပ်ယူစားသောက်လေ့ရှိကြောင်း အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်သောဒုံးကျည်များ ဟိုင်ဖာမြို့ မြောက်ပိုင်း၌ကျရောက်၍ ငါးဦးဒဏ်ရာရ

ဟိုင်ဖာ(အစ္စရေး) ဩဂုတ် ၇

ဩဂုတ် ၅ရက်က လက်ဘနွန်ဘက်မှ ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်လိုက်သောဒုံးကျည်များ အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့ မြောက်ပိုင်း၌ ကျရောက်ခဲ့ရာ လူငါးဦးဒဏ်ရရှိသွားကြောင်း ဆေးအဖွဲ့က ပြောကြားသည်။

ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်လိုက်သောဒုံးကျည်များကြောင့် ဟိုင်ဖာမြို့ မြောက်ပိုင်းတွင် ပျက်စီးနေသည့်အဆောက်အအုံတစ်ခုကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အစ္စရေးနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သော အဆိုပါမြို့ မြောက်ပိုင်း ဆင်ခြေဖုံးရပ်ကွက်များသို့ ဒုံးကျည် ၁၀လုံး ကျရောက်ခဲ့ရာ ကားများနှင့် အဆောက်အအုံများပျက်စီးသွားခဲ့သည်ဟုဆိုသည်။

အရှိန်မြှင့်

ဟစ်ဇ်ဘိုလာတို့သည် မကြာသေးသည့် ရက်များမှစ၍ ဒုံးကျည်များဖြင့် အရှိန်မြှင့်တိုက်ခိုက်လာလျက် ရှိသည်။

သေဆုံး

ဟစ်ဇ်ဘိုလာပြောက်ကျားများက အစ္စရေးနိုင်ငံမြောက်ပိုင်းသို့ ဒုံးကျည်အလုံး ၂၅၀၀ကျော်တို့ပစ်ခတ်ခဲ့ပြီး အရပ်သား ၃၀ခန့် သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ပါကစ္စတန်တွင် ပေါက်ကွဲမှုဖြစ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများပျက်စီး

အစ္စလမ္မာဘတ် ဩဂုတ် ၇

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းတွင် ပေါက်ကွဲမှုများကြောင့် ဓာတ်ငွေ့ပိုက်လိုင်းနှစ်ခုပျက်စီးခဲ့ရကြောင်း၊ ပေါက်ကွဲမှုမှာ ဘလူချီစတန်မြို့အနီးတွင်ဖြစ်ပြီး ဩဂုတ် ၅ ရက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရုပ်မြင်သံကြားသတင်းတစ်ရပ်၌ ဖော်ပြသည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းမှာ ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းမြို့များသို့ ဓာတ်ငွေ့ထောက်ပံ့ပေးနေသော ပိုက်လိုင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားရာသို့ ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး မတော်တဆဖြစ်ရပ်သို့မဟုတ် တိုက်ခိုက်မှု ဟုတ်မဟုတ် ဆိုသည်ကို စစ်ဆေးလျက်ရှိသည်။

စမ်းသပ်စစ်ဆေးသူများက မတော်တဆ သဘာဝဓာတ်ငွေ့ ပေါက်ကွဲမှုဖြစ်ပွားသည်ဟု ပြောကြားသည်။ ပါကစ္စတန်နိုင်ငံတွင် ဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲတိုက်ခိုက်မှုများကို ယခင်က ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်များရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီတလီနှင့် အိန္ဒိယတို့ မော်တော်ကား ပူးတွဲထုတ်လုပ်မည်

ရောမ ဩဂုတ် ၇

အီတလီမှဖီးယက်ကားကုမ္ပဏီနှင့် အိန္ဒိယကားကုမ္ပဏီသည် အိန္ဒိယနိုင်ငံအလယ်ပိုင်းတွင် တာတာမိုတာကားများ ပူးတွဲထုတ်လုပ်ရန်အတွက် စက်ရုံတစ်ရုံတည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ ၄၅၅ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အီတလီသတင်းအေဂျင်စီအန်ဆာက ဩဂုတ် ၄ ရက်၌ ပြောကြားသည်။

ယင်းကုမ္ပဏီနှစ်ခုသည် ၎င်းစက်ရုံတွင် နှစ်စဉ် ကားစီးရေတစ်သိန်းနှင့် ဒီဇယ်အင်ဂျင်အလုံး နှစ်သိန်းခွဲထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ပထမဆုံးအဏုမြူဗုံးဒဏ်ခံရသော (၆၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲကို ဟီရိုရှီးမားမြို့၌ ဩဂုတ် ၄ ရက်က ကျင်းပစဉ်။

(၁၉၄၅ခုနှစ်က အဏုမြူဗုံးဒဏ်ကြောင့် ယင်းမြို့တွင် လူတစ်သိန်းလေးသောင်းခန့် သေဆုံးခဲ့ရသည်။)

(ဓာတ်ပုံ–အင်တာနက်)

မီရာပီမီးတောင်မှ ချော်ရည်များစီးကျ

ဂျကာတာ ဩဂုတ် ၇

အင်ဒိုနီးရှားနိုင်ငံရှိ မီရာပီမီးတောင်သည် ချော်ရည်နှင့် မီးခိုးများ ကျဆင်းလျက်ရှိရာ မီရာပီမီးတောင်မှ ၁ ဒသမ ၅ ကီလိုမီတာကွာဝေးသော ဂန်ဒေါမြစ်ထဲသို့ကျဆင်းလျက်ရှိကြောင်း၊ ထိုသို့ ချော်ရည်များကျဆင်းမှုမှာ မီရာပီမီးတောင်မှ တောင်ဘက်ဆင်ခြေလျှောအတိုင်း စီးဆင်းခြင်းဖြစ်ကြောင်း သိရသည်။

မီးတောင်မှ ချော်ရည်များ စီးဆင်းမှုမှာများပြားကြောင်း၊ ထိုသို့ချော်ရည်စီးဆင်းမှုမှာ ဩဂုတ် ၄ ရက်က ပထမဆုံးအကြိမ် ခြောက်နာရီမျှ ကြာမြင့်ခဲ့ကြောင်း၊ ဦးတည်စီးဆင်းမှုမှာ ဂန်ဒေါမြစ်အတွင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ယော့ယာကာတာပြည်နယ်မှ အရာရှိတစ်ဦးက ပြောကြားသည်။

မီရာပီမီးတောင်မှာ ဩဂုတ် ၃ ရက်က လေးကြိမ်ခန့်ပေါက်ကွဲခဲ့ပြီး ချော်ရည်များစီးဆင်းခဲ့သည်။ မီးတောင်အနီး နေထိုင်လုပ်ကိုင်နေကြသော ဒေသခံများ၊ အလုပ်သမားများအား ဘေးကင်းရာတွင် နေထိုင်ရန်နှင့် မီးတောင်အနီးဝန်းကျင်တွင် သွားလာလှုပ်ရှားမှု မပြုလုပ်ကြရန်ပိတ်ပင်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ ကာဆာဒါဒေသတွင် ရေလွှမ်းနေမှုကြောင့် ဒေသခံများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရွှေ့ပြောင်းပေးနေသည်ကို ဩဂုတ် ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတကာ အာကာသစခန်းတွင် တာဝန်ထမ်းဆောင်မည့် ရုရှားနှင့် အမေရိကန်မှ အာကာသယာဉ်မှူးနှစ်ဦး မော်စကိုမြို့အနီးရှိ စတားစီးတီး အာကာသဌာနတွင် လေ့ကျင့်နေသည်ကို ဩဂုတ် ၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းရေးဆွေးနွေးပွဲ ဈေးနှုန်းညှိနှိုင်းမရဘဲ ပြီးဆုံးခဲ့

နယူးဒေလီ ဩဂုတ် ၇

အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့၏ သုံးနိုင်ငံ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအတွက် ဆွေးနွေးပွဲမှာ ဓာတ်ငွေ့ဈေးနှုန်းအပေါ်တွင် ညှိနှိုင်း သဘောတူညီချက်မရရှိဘဲ ဩဂုတ် ၄ရက်က ပြီးဆုံးသွားခဲ့ကြောင်း အင်ဒို–အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဓာတ်ငွေ့ဈေးနှုန်းပေါ်တွင်သဘော တူညီချက် မရရှိခဲ့သည့်အတွက် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းဆောင်ရွက်မှုမှာ နေမြဲအတိုင်းရှိနေမည်ဖြစ်ကြောင်း အီရန်နိုင်ငံ ရေနံလုပ်ငန်း ဒုတိယဝန်ကြီး မိုဟာမက်ဟာဒီကနီဂျတ်ဟိုစီနန်က ပြောကြားသည်။

သဘောတူညီချက်မရှိ

အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန် သုံးနိုင်ငံတို့မှ ကိုယ်စားလှယ်ကိုးဦးတို့သည် ဩဂုတ် ၃ ရက်မှ ၄ရက်အထိ ဆွေးနွေးခဲ့ကြသော်လည်း ဓာတ်ငွေ့ဈေးနှုန်းနှင့်ပတ်သက်၍ သဘောတူညီချက်ပါရှိမှု မရှိခဲ့ကြကြောင်း သိရသည်။

လိုအပ်နေ

သို့သော်လည်း ဓာတ်ငွေ့ဈေးနှုန်းကို နိုင်ငံတကာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းသတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ အိန္ဒိယနိုင်ငံသည် တစ်နေ့လျှင် ဓာတ်ငွေ့ကုဗမီတာ သန်း ၉၀ တင်သွင်းရန် လိုအပ်နေသည်။ ပါကစ္စတန်ကလည်း တစ်နေ့လျှင် ဓာတ်ငွေ့ကုဗမီတာသန်း ၆၀ တင်သွင်းရန် လိုအပ်နေသည်။ အဆိုပါ နှစ်နိုင်ငံစလုံးသည် အီရန်မှ ဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် သွယ်ယူကာ တင်သွင်းရေးကို ပြီးမြောက်သည်အထိ ဆောင်ရွက်ကြရန်ရှိနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြက်၊ ငှက် တုပ်ကွေးရောဂါကြောင့် ထိုင်း၌ လူတစ်ဦးသေဆုံး

ဗန်ကောက် ဩဂုတ် ၇

အသက် ၂၇ နှစ်ရှိ ထိုင်းအမျိုးသားတစ်ဦးသည် ကြက်၊ငှက် တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ကြောင်း၊ ၎င်းမှာ ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ဒုတိယမြောက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ်ကုန်ပိုင်းမှစပြီး အာရှတစ်ဝန်း ကြက်၊ ငှက် တုပ်ကွေးရောဂါဖြစ်ပြီး ထိုင်းနိုင်ငံမှ ၁၆ဦးမြောက်ဖြစ်ကြောင်း ထိပ်တန်းကျန်းမာရေးတာဝန်ရှိသူတစ်ဦးက ဩဂုတ် ၅ ရက်၌ ပြောကြားသည်။

အဆိုပါ အမျိုးသားသည် ဗန်ကောက်မြောက်ဘက် ၁၃၅ မိုင်အကွာ ယူဖိုင်းသာနီပြည်နယ်မှဖြစ်ပြီး ဩဂုတ် ၄ ရက်၌ ကြက်နာများကို ကိုင်မိရာမှ ရောဂါကူးစက်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေး အမြဲတမ်းအတွင်းဝန် ပရတ်ဘွန်ယာဝမ်ဗီရော့က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ကမ္ဘာ့နိုင်ငံတကာမယ်ပြိုင်ပွဲ ၂၀၀၆တွင် ပါဝင်ယှဉ်ပြိုင်မည့် အလှမယ်များကို ကျန်စုပြည်နယ် ရှူကျိုမြို့တွင် ဩဂုတ် ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယ၌ မိုးသည်းထန် အနည်းဆုံးလူ ၄၀သေဆုံးခဲ့

နယူးဒေလီ ဩဂုတ် ၇

အိန္ဒိယနိုင်ငံအနောက်ပိုင်းအင်ဒရာပါရာဒေ့ရှ်ပြည်နယ်အချို့၌ လွန်ခဲ့သော သုံးရက်က မိုးသည်းထန်ကာ ရေကြီးခဲ့၍ အနည်းဆုံး လူ ၄၀သေဆုံးခဲ့ကြောင်း ဒေလီရုပ်မြင်သံကြားက ဩဂုတ် ၅ရက်၌ သတင်းကြေညာသည်။

ယင်းမိုးသည်းထန် ရေကြီးမှုကြောင့် ခါမန်နှင့်ဆရီကာကုလမ် ဒေသများမှ လူပေါင်း ၅၅၀၀၀ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း အဆိုပါ ရုပ်မြင် သံကြားက ထုတ်လွှင့်သွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဆာလ်ဖာဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု မြင့်မားလာခြင်းကြောင့် တရုတ်၌ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်စီးပွားရေးအရဆုံးရှုံးမှုဖြစ်ပေါ်

ပေကျင်း ဩဂုတ် ၇

တရုတ်နိုင်ငံတွင် ဆာလ်ဖာဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု မြင့်မားလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် စီးပွားရေးအရ ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း အစိုးရအဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး ဆာလ်ဖာဒိုင်အောက်ဆိုဒ် ထုတ်လွှတ်သည့်နိုင်ငံဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ဓာတ်ငွေ့မှ ဆာဖာဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု တန် ၂၆ သန်းခန့် ထုတ်လွှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ကတည်းကစ၍ ၂၇ ရာခိုင်နှုန်းတိုးပွားလာခဲ့သည်။ ကျောက်မီးသွေးအသုံးပြုမှု မြင့်မားလာခြင်းနှင့်အတူ ဆာလ်ဖာဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုသည်လည်း တိုးမြှင့်လာခဲ့သည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု အုပ်ချုပ်ရေးအဖွဲ့(ဆီပါ)က ပြောကြားသည်။

ပျက်စီး

ဓာတ်ငွေ့များကြောင့် အက်စစ်မိုးများရွာသွန်းစေခဲ့သည်။ ယင်းအက်စစ်မိုးများသည် အဆောက်အအုံများ၊ မြေဆီလွှာနှင့် စားသုံးသီးနှံများကို ပျက်စီးစေပြီး လူများတွင် ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။

လေထုညစ်ညမ်းမှုဖြစ်ပွားလာခြင်းသည် ကျောက်မီးသွေးများ လောင်ကျွမ်းခြင်းမှ ဖြစ်ပေါ်လာကြောင်း ဆီပါ၏ လေထုညစ်ညမ်းမှုဌာနမှ လီဆင်မင်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

အပြောင်းအလဲ

တရုတ်နိုင်ငံ၏ စွမ်းအင်အသုံးပြုမှုအတွက် ကျောက်မီးသွေးအသုံးပြုမှုသည် ရာခိုင်နှုန်း ၇၀ ရှိကြောင်း၊ ဤအချက်သည် တိုတောင်းသောကာလအတွင်း များစွာ အပြောင်းအလဲ ဖြစ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အစိုးရသည် ၂၀၁၀ ပြည့်နှစ်တွင် လေထုညစ်ညမ်းမှု ၁၀ ရာခိုင်နှုန်း လျှော့ချမည့် ရည်မှန်းချက်အောင်မြင်ရန် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခဲ့သည်။ ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပွဲတော်မတိုင်မီ လေများသန့်စင်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီက ပြောကြားသည်။

သုံးစွဲ

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် နောက်ငါးနှစ်အတွင်းတွင် အမေရိကန်ဒေါ်လာ ၁၇၅ ဘီလီယံ သုံးစွဲသွားမည်ရန် စီစဉ်ထားသည်။

(အင်တာနက်)

အစ္စရေး ကွန်မန်ဒိုရှစ်ဦး ဟစ်ဇ်ဘိုလာတို့ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိ

ဂျေရုဆလမ် ဩဂုတ် ၇

အစ္စရေးကွန်မန်ဒို ခြောက်ဦးသည် ယမန်နေ့ညပိုင်းက တာယာမြို့၌ စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း ဒဏ်ရာရရှိခဲ့ကြောင်း၊ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ယင်းကြည်းတပ်က ဩဂုတ် ၅ရက်တွင် ပြောကြားသည်။

တိုက်ခိုက်ခြင်းခံရ

ဟစ်ဇ်ဘိုလာပြောက်ကျားများ ပစ်ခတ်လိုက်သော ဒုံးကျည်များသည် အစ္စရေး ဟာဒါဘာမြို့ပေါ်သို့ ကျရောက်ခဲ့ကြောင်း၊ ယခု ဒဏ်ရာရခဲ့သော ကွန်မန်ဒိုများမှာ ရဟတ်ယာဉ်များပေါ်မှ ဆင်းသက်စဉ် တိုက်ခိုက်ခြင်းခံရကြောင်း အစ္စရေးမီဒီယာက ပြောကြားသည်။

ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်သော ဒုံးကျည်အနည်းဆုံးနှစ်လုံး လက်ဘနွန်မှ မိုင် ၅၀အကွာ ဟာဒါဘာမြို့အနီး၌ ကျရောက်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရင်ချင်းဆက်အမြွှာ

ထူးထူးခြားခြား ရင်ချင်းဆက်မွေးဖွားလာသော မိန်းကလေးငယ်နှစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါရင်ချင်းဆက်အမြွှာအား ကနေဒါနိုင်ငံ ဆော့တ်လိခ်စီးတီးမြို့ ကလေးငယ်များ ကျန်းမာရေးဆိုင်ရာဌာန၌ ဆေးကုသမှုခံယူလျက်ရှိရာ ရင်ချင်းဆက်နေသောမိန်းကလေးတစ်ဦးမှာ ခြေထောက်များမပါရှိချေ။

ပုံတွင်တွေ့ရသော ဝဲဘက်မှ မိန်းကလေးအမည်မှာ ကင်ဒရာဖြစ်ပြီး ယာဘက်မှ မိန်းကလေးမှာ မာလီယာဟာရင်ဖြစ်သည်။ မာလီယာဟာရင်မှာ ခြေထောက်များမပါရှိကြောင်း သိရသည်။

(အင်တာနက်)

ဆံပင်ရှည်ပြိုင်ပွဲ

ဆံပင်ရှည်ပြိုင်ပွဲ ဆင်နွှဲရန် ပြင်ဆင်နေသည့် အမျိုးသမီးများကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တန်ရှန်မြို့တွင် တရုတ်အမျိုးသမီးများ ဆံပင်ရှည်ပြိုင်ပွဲတစ်ရပ် ကျင်းပလျက်ရှိသည်။ အဆိုပါပြိုင်ပွဲသို့ အသက် ၂၀မှ ၄၀နှစ် အတွင်းရှိပြီး အနည်းဆုံး ဆံပင်အရှည် ၁ ဒသမ ၇မီတာရှိ သောအမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

လာမည့်ပညာသင်နှစ် ကျောင်းသုံးဖတ်စာအုပ်များအချိန်မီပြီးစီးအောင်ရိုက်နှိပ် ကျောင်းသား၊ ကျောင်းသူများလက်ဝယ်သို့ ကျောင်းဖွင့်အမီရရှိရေးဆောင်ရွက် လက်ဆင့်ကမ်းစနစ် ယခုထက်ပိုမိုအောင်မြင်အောင် အဆင့်ဆင့်ကြပ်မတ်စီစဉ်

နေပြည်တော် ဩဂုတ် ၇

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၀၆)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြပ်မတ်စီစဉ်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို မိမိတို့ဝန်ကြီးဌာနက နေပြည်တော် ပုံနှိပ်တိုက်၊ ရန်ကုန်မြို့ရှိ ပုံနှိပ်တိုက်များနှင့် မန္တလေး အထက်မြန်မာနိုင်ငံ ပုံနှိပ်စက်ရုံတို့မှ ပညာရေးဝန်ကြီးဌာနက ဖြန့်ဝေမည့်အနေအထားနှင့် ကိုက်ညီအောင် အရေအတွက်အတိုင်း ဖြန့်ခွဲ ရိုက်နှိပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ် မတ်လကုန်အပြီး ရိုက်နှိပ်ရန်ဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ ခြိုးခြံချွေတာရေးမူအရ ကျောင်းသုံးဖတ်စာအုပ်အဟောင်းများ လက်ဆင့်ကမ်းသုံးစွဲရေးမူကို ယခင်နှစ်များကထက် ပိုမိုအောင်မြင်အောင် အရေအတွက် တိုးလာအောင်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ သို့မှသာ ကျောင်းသား ကျောင်းသူများ၊ မိဘများအပိုင်းတွင် သက်သာမှုရှိမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အပိုင်းကလည်း အရေအတွက် လျှော့ရိုက်ရမည်ဖြစ်၍ ကုန်ကျစရိတ်များ သက်သာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အဓိကအားဖြင့် လာမည့်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ အချိန်မီပြီးစီးအောင် ချမှတ်ထားသည့် ရည်ရွယ်ချက် သုံးချက်အတိုင်း ရိုက်နှိပ်ဖြန့်ဝေရေး၊ လက်ဆင့်ကမ်းစနစ် ယခုထက် ပိုမိုအောင်မြင်အောင် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ် စီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ကျောင်းသုံး ဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၆) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စီစဉ်ထားရှိ

ယင်းနောက် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျောင်းသုံးဖတ်စာအုပ်များ အချိန်မီဖြန့်ချိရန် စီစဉ်ထားရှိမှုအခြေအနေ၊ ရိုက်နှိပ်ပြီး စာအုပ်များထားရှိသိုလှောင်နိုင်မှုအခြေအနေနှင့် အမှာစာများ အချိန်မီပေးပို့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောင်းသုံးဖတ်စာအုပ်များ အချိန်မီ ပုံနှိပ်ပြီးစီးရေး၊ သတ်မှတ်ကာလအတွင်း ဖြန့်ချိနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို အကြံပြုဆွေးနွေးကြသည်။

အချိန်မီရိုက်နှိပ်

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ကျောင်းသုံး ဖတ်စာအုပ်များကို အချိန်မီရိုက်နှိပ် ဖြန့်ဝေပြီး ဈေးနှုန်းမှန်ကန်စွာဖြင့် ကျောင်းသား ကျောင်းသူများ လက်ဝယ်သို့ ကျောင်းဖွင့်အမီရောက်ရှိအောင် ဖြန့်ဝေရေးနှင့် လက်ဆင့်ကမ်းဖြန့်ဝေရေးကို ယခင်နှစ်ကထက် ပိုမိုတိုးတက်အောင် စီမံဆောင်ရွက်ရေး မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၀၆) တွင် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း မူလကျောင်းဟောင်း နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် စိတ္တသုခလမ်း အမှတ် ၃၇ နေ ဒေါ်ခင်မြ-(ဒေါ်သိန်းမြ)၊ ဦးဟုတ်ရှိန်-ဒေါ်ခင်စမ်း သား၊ သမီး၊ မြေးတစ်စုက အလှူတော်ငွေကျပ် တစ်သိန်းနှစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း မူလကျောင်းဟောင်း နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့နေ ဦးကျော်ခိုင်သိန်း-ဒေါ်ခင်စန်းယု၊ သား မောင်ဇော်ထက်နိုင်၊ မောင်ကောင်းခန့်ကျော် မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ "မေတ္တာတရား"တရားတော်
၇:၅၀	တေးဂီတအစီအစဉ်
၇:၅၅	Celebrity Style (ကလေးသရုပ်ဆောင် စုမေနှင့်တွေ့ဆုံခြင်း)
၈:၀၅	ပြည်တွင်းသတင်းအကျဉ်း
၈:၁၅	မင်ခြစ်လက်ရာများရဲ့ပိုင်ရှင် (ပန်းချီ လှမြင့်ဆွေ)
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ကလေးတို့အတွက်လက်ဆောင်
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ထူးမြတ်သာသနာ သဲအင်းဝိပဿနာ
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	Sunday Talk
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	ဝါသနာရှင်စင်မြင့်
၁၀:၅၀	ဆုရအက
၁၀:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	ဆရာ ဦးမြင့်လွင်(သန့်-တည်-ပွား) ဟောပြောဆွေးနွေးသော အပါယ်ပိတ်တရား အပိုင်း(၅) အပါယ်ပိတ်အောင်ကြိုးစားကြပါစို့
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	ပဲခူးသတ်သတ်လွတ်သနပ်စုံ
၁၂:၀၀	MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပညာသင်ထူးချွန်ဆုချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၇

၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်တို့၏ သားသမီး ကျောင်းသား ကျောင်းသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပညာသင်ထူးချွန်ဆုချီးမြှင့်ရေး ကော်မတီက ဆုချီးမြှင့်ပေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှတ် ၁၆ ဝဏ်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ ဂုဏ်ထူးရရှိကြောင်း အထောက်အထား၊ သန်းခေါင်စာရင်းမိတ္တူနှင့် မိဘ၏ မှတ်ပုံတင်မိတ္တူ၊ အစည်းအရုံးဝင် ကတ်ပြား မိတ္တူတို့နှင့်အတူ ဩဂုတ် ၁၅ရက် နောက်ဆုံးထားပြီး လျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာ့အမြွှာမွေးဖွားသူများပွဲတော်

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရှိ တွင်စဘတ်မြို့လေးတွင် ဩဂုတ်၅ ရက်က အမြွှာများနေ့ပွဲတော်ကိုကျင်းပရာ ကမ္ဘာတစ်ဝန်းရှိ အမြွှာပေါင်း ၃၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အများဆုံး

ယခုကဲ့သို့ အမြွှာပေါင်း ၃၅၀၀ ကျော် တက်ရောက်ခဲ့ခြင်းသည် နှစ်စဉ်ပြုလုပ်လျက်ရှိသည့် အမြွှာများနေ့ပွဲတော်များ၌ အများဆုံးဖြစ်ကြောင်း အမြွှာပွဲတော်ကျင်းပသူများက ပြောကြားသည်။

တွေ့ဆုံ

တွင်စဘတ်မြို့လေးသည် လွန်ခဲ့သော ၁၈၀၀ ပြည့်နှစ် အစောပိုင်းကပင် အမြွှာမွေးဖွားခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့သည့် မြို့ဖြစ်သည်။ အမြွှာပွဲတော်တွင် အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်နှင့် ဂျပန်တို့မှ အမြွှာမွေးဖွားသူများလည်း တက်ရောက်ဆင်နွှဲရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဒေသတစ်ခုတို့မှ အမြွှာမွေးဖွားသူများ တွေ့ဆုံကြသည့်ပွဲ ဖြစ်သည်။

ပါဝင်ဆင်နွှဲ

အမြွှာပူးများနေ့ ပွဲတော်တွင် အမြွှာများအနေဖြင့် ၎င်းတို့ဝတ်ဆင်လာသော ဂျာစီအင်္ကျီများ၊ တီရှပ်များနှင့် အခြားလက်ဆောင်ပစ္စည်းများကို အမှတ်တရလဲလှယ်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ပရိသတ် ၁၇၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။

(အင်တာနက်)

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆု တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အတူ ဩဂုတ် ၆ရက်နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ခုနှစ် နဝမအကြိမ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်အစိုးရ၏ ပညာရည်မြင့်မားရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူးဦးအောင်ဆွေက ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆို အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခြောက်ဘာသာဂုဏ်ထူးရှင်

ယင်းနောက် ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအားပညာရည်ချွန်ဆုများ ပေးအပ် ချီးမြှင့်ကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြောက်ဘာသာ ဂုဏ်ထူးရှင် ရှစ်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ငါးဘာသာဂုဏ်ထူးရှင် ၁၂ ဦးအားလည်းကောင်း၊ တိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုးအောင်က ငါးဘာသာဂုဏ်ထူးရှင် ၁၂ ဦးအားလည်းကောင်း၊ တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၉ ဦးနှင့် သုံးဘာသာဂုဏ်ထူးရှင် ၈၆ ဦး တို့အားလည်းကောင်း၊ အောင်ချက်အမြင့်မားဆုံးဆုရကျောင်းသုံးကျောင်းနှင့် မြို့နယ်သုံးမြို့နယ်တို့ကိုလည်းကောင်း၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံး ဆုရရှိသူ ကျောင်းသားကျောင်းသူ ငါးဦးတို့အား လည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆုရကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၅ရက်က သဃ်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)၏ ပညာရည်ချွန်ဆုပေးပွဲကို သပြေညိုခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမိုးလွင်က ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(က-ပ)

ကရင်နှင့် မွန်ပြည်နယ်ရှိ ဆက်သွယ်ရေးစခန်းများ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဖြည့်ဆည်းပေး

ရန်ကုန် ဩဂုတ် ၇

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဩဂုတ် ၆ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့သို့ရောက်ရှိ၍ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေး မှာကြားသည်။

ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် မွန်ပြည်နယ် သထုံမြို့ အော်တိုအိတ်ချိန်းကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်နိုင်ရေး မှာကြား ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သထုံမြို့ ပုဗ္ဗါရုံကျောင်းတိုက်ရှိ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအားသွားရောက်ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်ဝန်ကြီးသည် ဘီးလင်းမြို့သို့ရောက်ရှိ၍ ဘီးလင်းမြို့ အော်တိုအိတ်ချိန်း ဆောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိန်းသိမ်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ကျိုက်ထိုမြို့သို့ရောက်ရှိ၍ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးစက်ပစ္စည်းများကို ချွတ်ယွင်းမှုမဖြစ်ပွားစေရေးထိန်းသိမ်းဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် သိမ်ဇရပ်မြို့၊ ဝေါမြို့နှင့်ဘုရားကြီးကျေးရွာတို့ရှိ ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဤသို့သိမှတ် သတိချပ်

❖ မြန်မာစကား မြန်မာများ
ရှိထားပုံစံ ဌာန်မာန်ဟန်
မှန်ကန်ရမည်မှတ်။

❖ မြန်မာစာပေ မြန်မာတွေ
ကျေကျေညက်ညက် လေ့လာကျက်
မပျက်ကြဲဆောင် ဖွံ့ဖြိုးအောင်
လုပ်ဆောင်ရမည်မှတ်။

❖ နိုင်ငံရပ်ခြား တိုင်းတစ်ပါး
စကားနှင့်စာ အဖြာဖြာ
လေ့လာမှတ်သား အသိပွား
ရှိထားရမည်မှတ်။

❖ တိုင်းခြားစကား စာပေများ
မှတ်သားလေ့လာ ပြုလုပ်တာ
သုံးချဖို့ရာမှတ်။

❖ ကိုးကွယ်ဖို့ရာ မဟုတ်တာ
သေချာမြဲမြဲမှတ်။

❖ တိုင်းခြားလေသံ ဌာန်မာန်ဟန်
လိုက်လံတုပ ပြုလုပ်က
မြန်မာ့လေသံ ဌာန်မာန်ဟန်
ပုံစံပျက်မည်မှတ်။

❖ မြန်မာ့ပုံစံ ပျက်ယွင်းခံ
နိုင်ငံချစ်စိတ် မျိုးချစ်စိတ်
ကင်းဆိတ်လိမ့်မည်မှတ်။

❖ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်
အိပ်နေနိုးထ မြဲရှိမှ
မြန်မာ့ဂုဏ်ရောင် ဤလူ့ဘောင်
ထွန်းပြောင်လိမ့်မည်မှတ်။

❖ ထို့ကြောင့်လေ့လာ အရာရာ
မြန်မာပုံစံ မြန်မာဟန်
သွေလှန်သည်များ သတိထား
ပယ်သွားရမည်မှတ်။ ။

နွယ်ချို

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း၃ လမ်း မှတ်တိုင်အနီး) တွင် အမှတ် ၈ ကျောက်မြောင်းလမ်း တာမွေမြို့နယ်နေ ဦးထင်အောင်ကျော်-ဒေါက်တာပပဝါ၊ သား အောင်ကောင်းဆက်၊ အောင်မျိုးထက်၊ သမီး မြမဟာထင် မိသားစုက အလှူငွေကျပ် ငါးသိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီဝင် စာရင်းစစ်ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ဝါခေါင်လပြည့်နေ့
(ဥပုသ်နေ့)
၈-၈-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ဆရာတော် နေပြည်တော် တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒသီရိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဟောကြားတော်မူအပ်သော **"ဖြဟ္မစိုရ်လေးပါးတရားတော်"**
၈း၀၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၁၅	၆။	အဆိုပြိုင်ပွဲ
၈း၃၀	၇။	International News
၈း၄၅	၈။	Islands of Dhamma
၈း၅၀	၉။	ဘဒ္ဒန္တသောဘဏ (အဘိဓဇ မဟာရဋ္ဌဂုရု)နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ညောင်တုန်းပါဠိ တက္ကသိုလ်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	မေတ္တသုတ်ပါဠိတော်နှင့်အနက်(မြန်မာပြန်) ဓမ္မစကြာ ဝတ်အဖွဲ့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ရေးဝန်ကြီးဌာန
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အင်္ဂလိပ်စာအထူးပြု) [အင်္ဂလိပ်စာ]
၁၇း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅	၆။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇း၂၅	၇။	**"ချစ်သောမြေ ချစ်သောရေ"** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၃၀	၈။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၂၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၂၅	၁၁။	ပေါင်းတည်မြတ်စွယ်တော်ပူဇော်ပွဲ
၁၈း၅၅	၁၂။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန် တရားတော်
၁၉း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၁၆)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၁၈)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် ကျောင်းသားဟောင်းများ၏ သစ်ပင် စိုက်ပွဲတော်ကို ဩဂုတ်၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းနှင့် အသင်းဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်တို့ အထိမ်းအမှတ်သစ်ပင်အား စိုက်ပျိုးပေးကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranondနှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ စစ်သံမှူး Colonel, Prissapa Suvanatatနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာသွားကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond တို့ နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

တောင်ဖီလာထုံးကျောက်ရှာဖွေရေးစခန်း သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် ဝန်ထမ်းများ၏ စိုက်ပျိုးခင်း၊ ငါးကန်များအတွင်း ဒုတိယအကြိမ် ငါးသားပေါက် စိုက်ထည့်ခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီးသည် ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ရုံးအဝင်လမ်းဘေး၌ ဝန်ထမ်းများက စိုက်ပျိုးခင်းများကို ပေါင်းသင်မြေဆွနေမှု၊ ရုံးရှေ့ မြက်ခင်းပြင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ရုံးနောက် ကားလမ်းမြေထိန်းနံရံ တည်ဆောက်နေမှု၊ ငါးကန်နှင့် စိုက်ပျိုးခင်းတို့ကို လိုက်လံကြည့်ရှုအားပေးသည်။ ဆက်လက်၍ ရုံးဘေး လျှိုပိတ် ငါးကန်ငယ်များ၌ ငါးစာကျွေးနေမှုနှင့် ဝန်ထမ်းစိုက်ပျိုးခင်းများအတွင်း စုပေါင်း ပေါင်းသင်မြေပြင်စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဌာန၏ ဆည်အတွင်း ဒုတိယအကြိမ် ငါးသားပေါက်များ စိုက်ထည့်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ အမှတ်(၃) သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းတို့ လိုက်ပါ၍ နေပြည်တော်မှ တောင်ဖီလာ ထုံးကျောက်ရှာဖွေရေးစခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဝန်ကြီးအား ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသိဟက ထုံးကျောက်ဖြစ်ပေါ်နေမှုကို ဇယားကားချပ်၊ နမူနာကျောက်တုံးများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လွန်တူးရှာဖွေနေမှု နေရာသို့ ရောက်ရှိကြပြီး ဝန်ကြီးက လွန်တူး ဆောင်ရွက်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားကာ ဆုငွေများချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရှာဖွေတွေ့ရှိပြီးသော ထုံးကျောက် နမူနာတုံးများနှင့် ပေါ်ထွက်ပိုင်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားများကို ဩဂုတ် ၁၈ ရက် (သောကြာနေ့)တွင် အမှတ် ၃၀ ပထမထပ် ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖျာပုံမြို့နယ်အသင်းတိုက်၌ ဖျာပုံနွယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဩဂုတ် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲမှစ၍ ကျောက်တံတားမြို့နယ် အာရှပလာဇာဟိုတယ်၌ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ရောဝတီတိုင်းကိုယ်စားပြု ရွှေတံဆိပ်ဆုရ ဖျာပုံ(ရာမာယဏ)ဇာတ်တော်ကြီး၏ ဇာတ်ဝင်ခန်းများဖြင့် ဖျော်ဖြေခြင်း၊ ဖျာပုံမြို့နယ်အသင်းဝင် မိသားစုများ၏ ဖျော်ဖြေမှုတို့ဖြင့် ဧည့်ခံခြင်း၊ ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်း၊ သော့ချိတ်များ ထုတ်ဝေရောင်းချခြင်းတို့ဖြင့် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်မိသားစုများနှင့် အသင်းမဝင်ရသေးသူများ၊ ဖျာပုံမြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ရွှေရတုပွဲ ဖြစ်မြောက်ရေးတို့အတွက် လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီး စိန်သန်း(ငြိမ်း) ဖုန်း-၃၉၅၀၉၀၊ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဒေါ်ကေသီမြင့် ဖုန်း-၅၃၇၉၉၇၊ ဒေါ်မေမေလွင် ဖုန်း-၀၉-၅၁-၅၃၄၁၄ နှင့် ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း-၃၉၂၁၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၇ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် **General, Ruengroj Mahasaranond** တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။

(သတင်း–ကျော်ဖုံး) (သတင်းစဉ်)

(၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

အခွန်ဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာ၌ ချိုသာစွာဆက်ဆံ ဥပဒေနှင့်အညီ အဂတိတရားကင်းစွာ ကြိုးစားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာန အရာထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အလေးအနက်ကြိုးပမ်း

ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် နိုင်ငံသားကောင်းပီသစွာ၊ ဝန်ထမ်းကောင်းပီသစွာဖြင့် အလေးအနက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဆက်ဆံရေးပြေပြစ်ချိုသာမှုက အရေးကြီးကြောင်း၊ စည်းမျဉ်းဥပဒေများနှင့်အညီ အဂတိတရား ကင်းရှင်းစွာဖြင့် ကြိုးစား ဆောင်ရွက်ရန် လိုကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေများ ရှာဖွေပေးနေရသည့် ဌာန၊ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရသည့် ဌာနကြီး ဖြစ်သဖြင့် လုပ်ငန်း ဆောင်ရွက်မှုတိုင်းသည် စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

အမှာစကားပြောကြား

ယင်းနောက် ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူး ဖွင့်လှစ်သည့် အထွေထွေ ဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဘဏ်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိဦးစီးဌာန၊ လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဘဏ်များကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းပို့ချသည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အသိအမြင်ကျယ်ပြန့်လာ

ဖွင့်ပွဲ အခမ်းအနား၌ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ဘဏ်လုပ်ငန်းသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးခြင်းမှာ ဘဏ်လုပ်ငန်း အရာထမ်းများ၏ အရည်အသွေး အစဉ်အမြဲ မြှင့်တင်ပေးရန်၊ မိမိတို့၏ ရှိပြီးသား အရည်အသွေးများကို ပိုမိုတောက်ပြောင်လာအောင် အသိအမြင်ကျယ်ပြန့်လာစေရန်အတွက် ဖြစ်ကြောင်း၊ ပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများသို့လည်း အခါအားလျော်စွာ စေလွှတ်ပေးနေသည့်အတွက် တက်ရောက်ခွင့်ရကြသည့် အခါ၌လည်း အခြေခံကောင်းများ ပြည့်ဝနေစေရန်နှင့် ပါဝင်ဆွေးနွေးနိုင်စေရန် ယခုသင်တန်း တက်ရောက်စဉ်ကပင် ကြိုးစားသွားကြရန်လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

တက်ရောက်

အဆိုပါအထွေထွေဘဏ်လုပ်ငန်းသင်တန်း (အရာရှိအဆင့်) သင်တန်းမှာ ဩဂုတ်၈ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ဖြစ်ပြီး နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိက ဘဏ်များမှ သင်တန်းသား ၄၁ဦး တက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာမိုးကုတ်ရိပ်သာ ဝါတွင်းအထူးတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၇

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ ဝါတွင်းကာလအထူးတရားစခန်းပွဲ ဒုတိယပတ်ကို တော်သလင်းလဆန်း၁ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရိပ်သာပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ရာ လူဦးရေကန့်သတ်ထားသဖြင့် ဖုန်း–၀၆၄–၂၄၁၆၅ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ဆရာတော်၏နိဗ္ဗာန်သွားလမ်းပြ ဝိပဿနာစာအုပ်ကို အမြို့မြို့ဆိုင်တိုင်းတွင် ပူဇော်နိုင်ကြောင်းသိရသည်။ **(က–ပ)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းအား အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံလာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်းအား ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Ms. Shari Villarosa သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်ရှိန်၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၉)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင်ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၌ ကျင်းပရာ ဆေးရုံအုပ်ကြီး၊ ဒုတိယဆေးရုံအုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများ စုစုပေါင်းအင်အား ၁၅၀ တက်ရောက်ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်အေးအေးသိန်းက International Code of Marketing of Breastmilk Substitutes နှင့်ပတ်သက်၍ ဆွေးနွေးဟောပြောရာ တက်ရောက်လာသူများက ဟောပြောချက်နှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်ကို ဩဂုတ်၄ရက်က ရန်ကင်းပညာရေးကောလိပ် ခန်းမဆောင်တွင် ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေး၊ အိုင်အိုဒင်းဆားနှင့် ကြက်ဥများ ပေးဝေစဉ်။

(မြို့နယ်မိခင်/ကလေး)

မေတ္တာ အခါသမယ ဝါခေါင်လ

ဦးကျော်စိန် (မန္တလေး)

ဝါခေါင်လသည် မြန်မာတို့၏ တစ်ဆယ့်နှစ်လတွင် ပဉ္စမလဖြစ်၏။ ဝါခေါင်လပြည့်နေ့၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် **"မေတ္တာအခါတော်နေ့"**ကို နေရာဒေသအလိုက် ကျင်းပကြသည့်နည်းတူ ရှေးအစဉ်အလာလှူဒါန်းမြဲဖြစ်သော စာရေးတံပွဲကိုလည်း ဆင်နွှဲလှူဒါန်းလေ့ရှိကြသည်။ မေတ္တာဇာတ်လမ်းနှင့် ပတ်သက်၍ ဖော်ပြရပါလျှင် ဤသို့သော ဝါခေါင်ကာလ အခါသမယ၌ ရဟန်းတော်ငါးရာသည် မြတ်စွာဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်၍ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ်တော်မူကြကာ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်ကြသည်။

ထိုအခါ ထိုတောအုပ်၌ နေထိုင်ကြသော နတ်များသည် ရဟန်းတော်များ ရှိနေသဖြင့် မိမိတို့ဗိမာန်တွင် နေထိုင်ခြင်း မပြုရသောကြောင့် ရဟန်းတော်များအား အမျိုးမျိုးခြောက်လှန့်ကြ၏။ သို့အတွက် ရဟန်းတော်များသည် ဘုရားရှင်ထံ ပြန်သွားကြ၏။ ဘုရားရှင်က မေတ္တသုတ်ဒေသနာတော်ကို ဟောကြား၍ ပြန်လွှတ်တော်မူ၏။ ရဟန်းတော်များက မေတ္တသုတ်ဒေသနာတော်လာ မေတ္တာတရားကို ပွားများကြသဖြင့် မေတ္တာ၏ စွမ်းအားကြောင့် နတ်များကခရီးဦးကြိုဆိုခြင်း၊ နေရာထိုင်ခင်းပေးခြင်း စသည်ဖြင့် ရဟန်းတော်တို့၏ နေခြင်းကို ဝမ်းမြောက်ကြလေ၏။ ထို့ကြောင့် မေတ္တာတရားသည် ရန်သူအဖြစ်မှ မိတ်ဆွေဖြစ်သွားစေခြင်း ဖြစ်သည်ဟု သိရှိနိုင်ပါ၏။

"မေတ္တာ"ဟူသည် သတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားသော **"အဒေါသ စေတသိက်"** ပင်ဖြစ်သည်။ ယင်းမေတ္တာသည် သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်သော လက္ခဏာရှိ၏။ သတ္တဝါတို့၌ အကျိုးစီးပွားကို ကပ်ဆောင်ခြင်းကိစ္စရှိ၏။ ရန်ငြိုးကိုဖျောက်သော ယောဂီတို့၏ ဉာဏ်အား ရှေးရှုထင်တတ်၏။ သတ္တဝါတို့၏ နှစ်လိုသည် အဖြစ်ကို ရှုသော ယောနိသောမနသိကာရလျှင် နီးသောအကြောင်း ရှိ၏။

မေတ္တာ၏ သဘာဝမှာ သီတာရေစင်ကဲ့သို့ အေးမြသောသဘော၊ စန္ဒကူးနံ့သာ၊ စပယ်၊ ကြက်ရုန်း၊ ဂမုန်း၊ ခတ္တာစသည့် ပန်းများကဲ့သို့ မွှေးပျံ့သော သဘောရှိ၏ဟု သတ်မှတ်ကြ၏။ ထိုသတ်မှတ်သည့်အတိုင်း မေတ္တာရှင်ပုဂ္ဂိုလ်၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ အားလုံးသည် အေးမြကြည်လင်နေ၏။ ထိုပုဂ္ဂိုလ်၏ ဂုဏ်သတင်းမှာလည်း လူအရပ်ရပ်၊ နတ်အထိုထို၊ ဗြဟ္မာခပင်းတိုင်အောင် ထိုးဖောက်ရောက်သွား၏။ ထိုဂုဏ်သတင်းကို အနီးကပ်ဖျက်ဆီးနိုင်သော ရန်သူသည် ဒေါသတရားဖြစ်၏။ ထို့ကြောင့် ဒေါသရန်သူကို နေရာမယူနိုင်အောင် ကြိုတင်အားထုတ်ရမည်ဖြစ်၏။ သို့မှသာ မေတ္တာသည် မိမိကိုယ်၌ တည်ရှိနိုင်မည်ဖြစ်၏။

လောကသုံးပါးတွင် သတ္တလောကကြီးသည် သတ္တဝါအနန္တ တို့ဖြင့် လွှမ်းခြုံထားသော လောကဖြစ်၏။ သတ္တဝါ အနန္တ တို့မှာလည်း ဗြဟ္မာစိုရ်တရားလေးပါးနှင့် ဆက်ဆံဆက်စပ်နေ၏။ ဗြဟ္မာစိုရ်တရားတွင် မေတ္တာတရားသည် အဓိကပြဋ္ဌာန်း၏။ သတ္တဝါတို့၏ အကျိုးစီးပွားကို အချိန်မရွေး ဆောင်ရွက်ပေးနိုင်၏။ ထို့ကြောင့် ဗြဟ္မာစိုရ်မည်သော မေတ္တာတရားသည် သတ္တဝါအနန္တ ကို ကြည့်ရှုစောင့်ရှောက်နိုင်၏။ ဗြဟ္မာစိုရ်တရားသဘောကို ဖော်ပြရပါလျှင် အခြားသော ကမ္မဋ္ဌာန်းတရားများသည် မိမိတစ်ဦးတည်းကိစ္စ၊ မိမိတစ်ဦးတည်းသော အကျိုးစီးပွားကိစ္စတစ်မျိုးကိုသာ ဆောင်၏။ ဗြဟ္မာစိုရ်တရားမှာမူ မိမိ၊ သူတစ်ပါး နှစ်ဦးသော ကိစ္စ၊ နှစ်ဦးသော အကျိုးစီးပွားကိစ္စ နှစ်မျိုးကို ဆောင်၏။

မေတ္တာလောက ချဲ့ထွင်ရာ၌ လူတို့၏ အလုပ်သည် ကာယကံ၊ ဝစီကံ၊ မနောကံဟူ၍ သုံးမျိုးသာရှိသကဲ့သို့ မေတ္တာ၏အလုပ်သည်လည်း ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူ၍ သုံးမျိုးသာရှိ၏။ ကာယကံမေတ္တာအလုပ်နှင့် ပတ်သက်၍ မိမိတို့မိသားစု၊ မိမိတို့ဆွေမျိုး၊ ပတ်ဝန်းကျင်၊ မိမိတို့ရောက်ရှိရာဌာန ဒေသတို့၌ အကြောင်းအားလျော်စွာ ဆောင်ရွက်နိုင်သော အခွင့်အရေး အမျိုးမျိုးရှိ၏။ မိမိတို့အိမ်၌ပင် တစ်ဦး၏ဆောင်ရွက်ခြင်းကို အခြားတစ်ဦးက ကူညီခြင်းသည် ကာယကံမေတ္တာပင် ဖြစ်၏။ လမ်းခရီး၌ မနိုင်မနင်းဖြစ်နေသောသူ၏ပစ္စည်းဝတ္ထုကို ကူညီ ပေးခြင်းသည်လည်း ကာယကံမေတ္တာပင်ဖြစ်၏။ သူတစ်ဦး၏ မေ့ကျန်နေသော ပစ္စည်းကို သိမ်းထားပေးခြင်း၊ သူတစ်ဦး၏ပစ္စည်း ပျောက်ပျက်သွားမည့်ဘေးမှ ကင်းအောင်ဆောင်ရွက်ခြင်းသည်လည်း ကာယကံမေတ္တာပင် ဖြစ်၏။ ဤသို့အားဖြင့် ကာယကံမေတ္တာအလုပ်သဘောသည် လူ့လောက ကျယ်ဝန်းသည်နှင့်အမျှ ဆောင်ရွက်ချက်များလည်း ကျယ်သွားခြင်းဖြစ်၏။

ဝစီကံမေတ္တာအလုပ်နှင့်ပတ်သက်၍လည်း လူမျိုးမရွေး၊ ဌာနမရွေး၊ ဒေသမရွေးစသည်တို့၌ တစ်ဦးနှင့်တစ်ဦး ကောင်းသောကိစ္စကို ပြောကြားခြင်း၊ တိုင်ပင်ခြင်း၊ အကြံပေးခြင်း၊ ဆုံးမခြင်း၊ ညွှန်ပြခြင်း စသည်တို့မှာ ဝစီကံမေတ္တာပင်ဖြစ်၏။ သိကျွမ်းသူအချင်းချင်း တွေ့သောအခါ "နေကောင်းရဲ့လား၊ ကျန်းမာရဲ့လား" ဟု နှုတ်ဆက်စကားပြောကြားခြင်းသည်လည်း ဝစီကံမေတ္တာပင် ဖြစ်၏။ ယခုအခါ လူတို့၏ အကျိုးစီးပွားနှင့်စပ်၍ အသိပညာ၊ ဗဟုသုတများ၊ တရားဓမ္မများ၊ ကျန်းမာရေး၊ စီးပွားရေးစသည်များကို ဆောင်ရွက်ရာ၌ ခေတ်မီစက်ကိရိယာများ ထွန်းကားနေ၍ ရေဒီယို၊ ရုပ်သံလွှင့် စသည်အားဖြင့် မိမိတို့ဒေသ၊ မိမိတို့တိုင်းပြည်၊ အခြားတိုင်းပြည်များသို့ပင် ခဏချင်း ရောက်ရှိနိုင်သော အဆင့်ဖြစ်နေ၏။ ဤအဆင့်မျိုးထိအောင် ဝစီကံမေတ္တာသည် စွမ်းဆောင်ရွက်နိုင်သောကြောင့် ဝစီကံမေတ္တာသည် အလွန်ကျယ်ပြန့်နေပြီဖြစ်၏။ ထို့ကြောင့် ကာယကံမေတ္တာထက် ဝစီကံမေတ္တာက စွမ်းဆောင်မှုနယ်ပယ် ကျယ်သွားခြင်းဖြစ်၏။

ဘုရားရှင်သည် မေတ္တသုတ် ဒေသနာတော်ဖြင့် မေတ္တာနိဒါန်း စခဲ့သည်ဖြစ်၍ အကျိုးတရားကြီးမားလှသည့် မေတ္တာတရားကို နေ့ညမခြား ပွားများအားထုတ်ကြကုန်လျက် မေတ္တာတရား၏ အကျိုးများကို ရရှိခံစားနိုင်ကြပါစေ။

မနောကံ မေတ္တာ၏ ဆောင်ရွက်ချက်မှာ အထက်ဘဝဂ်-အောက် အဝီစိထိ ၃၁ ဘုံသားတို့၏အပေါ်၌ မေတ္တာစိတ်ထား၍ "ကျန်းမာ၊ချမ်းသာကြပါစေ"ဟု အနှစ်ချုပ်အားဖြင့်လည်းကောင်း၊ "ဘေးရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်းကင်းကြပါစေ၊ ဆင်းရဲခြင်းကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင်ဆောင်ရွက်နိုင်ကြပါစေ"ဟု အလယ်အလတ်အားဖြင့် လည်းကောင်း၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ နည်းအတိုင်း အကျယ်အားဖြင့်လည်းကောင်း ပြုလုပ်ရမည်ဖြစ်၏။ မနောကံ မေတ္တာကို ကာလသတ်မှတ်ချက်မရှိ၊ သတ္တဝါများအပေါ်၌ အကြွင်းအကျန်မရှိ ပွားများနိုင်သည်။ ထို့ကြောင့် မေတ္တာအလုပ် သုံးမျိုးကို စိစစ်ရာတွင် ကာယကံမေတ္တာထက် ဝစီကံမေတ္တာက ပိုမိုကျယ်ဝန်း၏။ ဝစီကံမေတ္တာထက် မနောကံမေတ္တာက အဆုံးအစမရှိ ကျယ်ဝန်း၏။

ဤတွင် မေတ္တာစွမ်းအားကို အနည်းငယ်ဖော်ပြလိုပါ၏။ မေတ္တာအလုပ်သုံးမျိုးနှင့် ပတ်သက်သော ဆောင်ရွက်ချက်အရ သာဓကကို ဖော်ပြရပါလျှင် နွားမတစ်ကောင်သည် မိမိသားကို နို့တိုက်ကျွေးနေစဉ် မုဆိုးတစ်ယောက်သည် လှံတံဖြင့် ထိုးလိုက်ရာ လှံဖျားသည် ထန်းရွက်ကဲ့သို့ လိပ်ခွေသွား၏။ သားငယ်၌ ပြင်းထန်သော ချစ်စိတ်ရှိသဖြင့် ထိုကဲ့သို့ ခွေလိပ်၍ သွားရခြင်းဖြစ်သည်။ မေတ္တာသည် ဤမျှလောက် စွမ်းအားကြီးသည်။ ထို့ပြင် သာဓကတစ်ခုမှာ- စိတ္တလတောင်ကျောင်း၌ သီတင်းသုံးနေသော အရှင်မြတ် "ဝိသာခ" မထေရ်သည် လေးလ နေထိုင်ပြီး၍ ပြန်မည်ပြုသောအခါ သပြေပင်စောင့်နတ်၏ ငိုကြွေးခြင်းကိုကြား၍ မေးမြန်း၏။ ထိုအခါ နတ်က အရှင်မြတ် ဤအရပ်မှာ နေလျှင် နတ်အချင်းချင်း မေတ္တာကို ရကြပါကုန်၏။ အရှင်မြတ် မရှိလျှင် နတ်အချင်းချင်း ရန်ဖြစ်ကုန်ပါ၏ဟု လျှောက်၏။ အရှင်မြတ်သည် ဤအရပ်၌ နောက်ထပ် လေးလ ပြန်နေ၏။ လေးလ, လေးလပြည့်၍ ပြန်မည်ပြုတိုင်း ယခင်အတိုင်းပင် နတ်က လျှောက်ထား၏။ ထို့ကြောင့် အရှင်မြတ်သည် ပရိနိဗ္ဗာန်စံသည်အထိ ဤအရပ်၌ နေသွားတော်မူ၏။ ဤသာဓကနှစ်ခုမှာ "ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ မြန်မာပြန်ကျမ်း"အရ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်က တစ်နေ့သုံးခါ အိုးတစ်ရာဖြင့်ချက်၍ ထမင်းလှူဒါန်းခြင်းထက် နွားနို့တစ်ညှစ်စာခဏတာမျှ မေတ္တာဘာဝနာ ပွားများခြင်းက ပို၍အကျိုးတရားကြီးမားကြောင်းနှင့် လက်တစ်ဖျစ်မျှ မေတ္တာပွားသူကား ဈာန်မဆိတ်သူ၊ မြတ်စွာဘုရားရှင်၏ အဆုံးအမကို လိုက်နာသူဖြစ်၍ တိုင်းပြည်၏ ဆွမ်းကို အကျိုးရှိစွာ သုံးဆောင်သူဖြစ်ကြောင်းဖြင့် ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၌ မေတ္တာတရားထားရှိသူသည် ပစ္စုပ္ပန်၊ တမလွန်ဘဝ နှစ်တန်၌ ချမ်းသာမှုကို ရရှိစွမ်းနိုင်ခြင်းနှင့် ပတ်သက်၍ မေတ္တာအကျိုးရရှိမှုတရား ၁၁ ပါးက သက်သေပြထားကြောင်း ဟောကြားထားပါသည်။ ယင်းအကျိုးတရား ၁၁ ပါးကို အကျဉ်းချုပ်လင်္ကာဖြင့် ဖော်ပြလိုပါ၏။ **"မေတ္တာပွားများ အကျိုးကားဟူ၊ အိပ်မူချမ်းသာ၊ နိုးခါသုခ၊ ရှုင်ပျအိပ်မက်၊ နှစ်သက် လူ,နတ်၊ မပြတ်ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီး,ရေမဖျက်၊ ငြိမ်သက်တည်ကြည်၊ ကြည်လင်မျက်နှာ၊ သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆယ့်တစ်ပါးကို လိုလားကြကုန်ရာ သတည်း။"**

သို့ဖြစ်ရာ "မေတ္တာအခါ သမယ ဝါခေါင်လ"၌ **ဘုရားရှင်သည် မေတ္တသုတ်ဒေသနာတော်ဖြင့် မေတ္တာနိဒါန်း စခဲ့သည်ဖြစ်၍ အကျိုးတရားကြီးမားလှသည့် မေတ္တာတရားကို နေ့ညမခြား ပွားများအားထုတ်ကြကုန်လျက် မေတ္တာတရား၏ အကျိုးများကို ရရှိခံစားနိုင်ကြပါစေ**ကြောင်း ကောင်းမြတ်သောဆန္ဒဖြင့် တင်ပြရပါသည်။ ။

ထောက်ပံ့ပေးအပ်

မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၅ရက်က အထက(၁) မြတ်မင်္ဂလာခန်းမတွင် ပြုလုပ်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥနှင့် အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်စဉ်။ (၂၅၉)

တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေး အ သင်းက ကျင်း ပ သော ကမ္ဘာ့ မိခင်နို့ တိုက် ကျွေးရေး ရက်သတ္တ ပတ် အခမ်းအနား ကို ဩဂုတ် ၄ ရက်က မြို့နယ် အသင်းရုံး တွင် ကျင်းပရာ မြို့ နယ် ကျန်း မာ ရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်လှရွှေ မိခင်နို့တိုက်ကျွေးရေး ပညာပေးဟောပြောစဉ်။ (၂၀၀)

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည့် အခန်းကဏ္ဍ ရှင်းလင်း

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ယမန်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဇနီးဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ ရောက်ရှိလာပြီး ရုံးခန်းမ၌ ကျင်းပသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာ (စက်ချုပ်)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနား၌ ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက သင်တန်းသူများအား သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးရီက ရာသက်ပန် အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး တို့သည် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ဆန်တစ်ပြည်လျှင် ငွေကျပ်၄၀၀နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည့် ဆန်အရောင်းဆိုင်ကို ကြည့်ရှုကြသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဆိပ်ကြီးခနောင်တို မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးဘိုးဘွားများအား ဆေးဝါးနှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ခနောင်တိုအရှေ့ရပ်ကွက်ရှိ မြို့နယ်မူလတန်းကြိုကျောင်းသို့ ရောက်ရှိလာပြီး ရင်သွေးငယ်များအား စားစရာများဝေငှပေးအပ်ကာ ရင်သွေးငယ်များအား အာဟာရကျွေးမွေးနေမှုကို ကြည့်ရှုကြသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် ဆိပ်ကြီးခနောင်တိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တိုင်းမှူးက နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရမည့် အခန်းကဏ္ဍများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဇေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီးစည်သူအား ရည်စူး၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄လမ်း အမှတ်၁၈၂/၂၀၂ အခန်း ၁၉နေ ဒေါ်ခင်သန်းနွဲ့ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်စိုးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တိုင်ပင်ဆွေးနွေး

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား တွေ့ဆုံ၍ မိသားစုဝင်စကားဝိုင်းအသွင်ဖြင့် အမျိုးသမီးရေးရာ ကိစ္စရပ်များ၊ မိခင်နှင့်ကလေးများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝမြင့်မားရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်အဆင့်နှင့်အညီသတ်မှတ်အဆင့်အတန်းမီအောင်ကြိုးစား ဟိုတယ်ဇုန်တစ်ခုလုံး စိမ်းစိုလှပစေရန်အချိန်မီဆောင်ရွက်

နေပြည်တော် ဩဂုတ် ၇

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဟိုတယ်လုပ်ငန်းရှင်များနှင့် စီမံကိန်း တာဝန်ရှိသူများအား တွေ့ဆုံ၍ နေပြည်တော်ဇုန်၌ ဟိုတယ်ဆောက်လုပ်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ဆွေးနွေးမှာကြားသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကားပြောကြားရာ၌ နေပြည်တော်၌ ဟိုတယ်များ ဆောက်လုပ်ရမည့် အစီအမံများနှင့် ပြီးစီးရမည့် အချိန်တို့ကို ကြိုတင်ရှင်းလင်း ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

နေပြည်တော်၏ အဆင့်နှင့် အညီ သတ်မှတ်အဆင့်အတန်းများမီအောင် ကြိုးစားဆောက်လုပ်သွားရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောက်လုပ်ရာတွင် သတ်မှတ်အချိန် ကာလများအတွင်း တည်ဆောက်ပြီးစီးရေးကို ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မိမိဟိုတယ်နယ်မြေအလိုက် သန့်ရှင်းသပ်ရပ်လှပရေးနှင့် ဟိုတယ်ဇုန်ဧရိယာတစ်ခုလုံး သစ်ပင်ပန်းမန်များဖြင့် စိမ်းစိုလှပနေစေရန် အချိန်မီဆောင်ရွက်သွားကြစေလိုကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ယခုဆောင်ရွက်လျက်ရှိသည့် ဟိုတယ်လုပ်ငန်း စီမံကိန်းများ အောင်မြင်ပြီးစီးရေးအတွက် အစွမ်းကုန်ကူညီဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်အတွင်း ရွှေနန်းတော် ဟိုတယ်တည်ဆောက်သည့် ထူးဒရေးဒင်းကုမ္ပဏီ၊ သင်္ဂဟ ဟိုတယ်တည်ဆောက်သည့် ဧဒင်ဂရုကုမ္ပဏီ၊ မြတ်တော်ဝင်ဟိုတယ် တည်ဆောက်သည့် အေးရှားဝေါလ် ကုမ္ပဏီ၊ ရွှေမြို့တော် ဟိုတယ်တည်ဆောက်သည့် ရွှေသံလွင်ကုမ္ပဏီ၊ ရွှေမြန်မာ ဟိုတယ် တည်ဆောက်သည့် ငွေဆင်ကုမ္ပဏီ၊ ကုမုဒြာဟိုတယ် တည်ဆောက်သည့် မက်စ်မြန်မာ ကုမ္ပဏီနှင့် IGE ကုမ္ပဏီတို့မှ ဟိုတယ်လုပ်ငန်းရှင်များနှင့် စီမံကိန်းတာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်ရာ ကုမ္ပဏီအလိုက် ဟိုတယ်များတည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထူးထရေးဒင်းကုမ္ပဏီ၏ ရွှေနန်းတော် ဟိုတယ်မှာ ပထမအဆင့်အနေဖြင့် ဘန်ဂလို၁၃လုံး၌ အခန်း ၂၆ခန်းဖြင့် တည်ဆောက်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီး ဧဒင်ဂရုကုမ္ပဏီ၏ သင်္ဂဟဟိုတယ်၌ ပထမအဆင့်အနေဖြင့် ဘန်ဂလို ၁၀လုံးတွင် အခန်း ၂၀ဖြင့်တည်ဆောက်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ထို့အတူ ငွေဆင်ကုမ္ပဏီ၏ ရွှေမြန်မာဟိုတယ်၌ ပထမအဆင့်နေဖြင့် ဘန်ဂလို ငါးလုံး၌ အခန်း ၁၀ ခန်းမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အေးရှားဝေါလ်ကုမ္ပဏီ၏ မြတ်တော်ဝင် ဟိုတယ်တွင် ဘန်ဂလို ၁၀လုံး၌ အခန်း၂၀ဖြင့် ရာနှုန်းပြည့် ပြီးစီးနေပြီ ဖြစ်သည်။

ထို့အတူ မက်စ်မြန်မာကုမ္ပဏီလီမိတက်၏ ကုမုဒြာဟိုတယ် တည်ဆောက်မှု ပထမအဆင့် အနေဖြင့် ဘန်ဂလို၁၅လုံး၌ အခန်း၂၈ခန်းဖြင့် တည်ဆောက်မှု ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ဟိုတယ်လုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိသည်။ အလားတူ ရွှေသံလွင် ကုမ္ပဏီလီမိတက်၏ ရွှေမြို့တော် ဟိုတယ်တည်ဆောက်မှုတွင် ပထမအဆင့်အနေဖြင့် ဘန်ဂလိုကိုးလုံး၌ အခန်း၁၈ခန်းဖြင့် ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

စတင်ဆောင်ရွက်

ထို့အတူ IGE ကုမ္ပဏီလီမိတက်၏ ဟိုတယ်လုပ်ငန်းတွင်လည်း ပထမအဆင့်အနေဖြင့် ဘန်ဂလို အလုံး ၃၀၌ အခန်း ၃၃ ခန်းဖြင့် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ကိုးရာခိုင်နှုန်းခန့် ပြီးစီးနေပြီ ဖြစ်သည်။ **(သတင်းစဉ်)**

အောင်ချမ်းသာအိမ်ရာ တရားပွဲ

ရန်ကုန် ဩဂုတ် ၇

၁၃၆၈ ခုနှစ် ဝါခေါင်လပြည့် (ဩဂုတ်၈ရက်) မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက် အောင်ချမ်းသာအိမ်ရာ သာသနာ့နုဂ္ဂဟဓမ္မာရုံတွင် ဓမ္မကထိက ဦးဝိစာရ (မဟာစည် ညောင်ကန်အေး သာသနာ့ရိပ်သာ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ်၅ရက်က ဗဟန်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိခင်နို့စနစ်တကျတိုက်ကျွေးရေး အထိမ်းအမှတ်ဟောပြောပွဲကို အသင်းရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါက်တာဒေါ်မီမီလှိုင် ဟောပြောစဉ်။ (က-ပ)

ဗီယက်နမ် အပြည်ပြည်ဆိုင်ရာ ဂျူဒိုပြိုင်ပွဲ မြန်မာအဖွဲ့ ငွေတံဆိပ်နှစ်ခုနှင့် ကြေးသုံးခုရရှိ

သတင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၇

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဩဂုတ် ၅ ရက်မှ ၆ ရက်အထိ ကျင်းပပြီးစီးသွားသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် အမှုဆောင် ဦးအောင်မျိုးရှိန် ခေါင်းဆောင်သည့် မြန်မာဂျူဒိုအဖွဲ့ ပါဝင်ဆင်နွှဲခဲ့ရာ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးနိုင်ခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲ အပေါင်း ၇၈ ကီလိုတန်း ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးပေးသည့် ခင်မျိုးသူ(ရထား)။ (မြန်မာ့အလင်း)

အမျိုးသမီးအနုတ် ၄၂ကီလိုတန်း ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မိုးစန္ဒာထွန်း (သစ်တော)က ငွေတံဆိပ်ဆုကို လည်းကောင်း၊ အပေါင်း ၇၈ ကီလိုတန်းပြိုင်ပွဲတွင် ခင်မျိုးသူ(ရထား)က ငွေတံဆိပ်ဆုကိုလည်းကောင်း၊

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲ အနုတ် ၄၂ ကီလိုတန်း ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးပေးသည့် မိုးစန္ဒာထွန်း (သစ်တော)။ (မြန်မာ့အလင်း)

အနုတ် ၅၂ ကီလိုတန်းပြိုင်ပွဲတွင် အေးအေးသင်း(စက်မှု-၁)က ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ အနုတ် ၆၃ ကီလိုတန်းပြိုင်ပွဲတွင် အေးအေးအောင်(ဆောက်လုပ်ရေး)က ကြေးတံဆိပ်ရရှိပြီး မြန်မာအမျိုးသမီးဂျူဒိုအဖွဲ့လေးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လေးဦးစလုံး နိုင်ငံအတွက်ဆုတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်။

အမျိုးသား

အမျိုးသားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ သုံးဦးပါဝင်ယှဉ်ပြိုင်ခဲ့ရာ အနုတ် ၅၅ ကီလိုတန်းပြိုင်ပွဲတွင် အောင်ထွန်းကျော်(ရထား)က ကြေးတံဆိပ်ဆုကို ရရှိခဲ့သည်။

မြန်မာဂျူဒိုအဖွဲ့ ခေါင်းဆောင် ဦးအောင်မျိုးရှိန်၊ အမှုဆောင် ဦးဝေဠုမင်းနိုင်၊ နည်းပြအဖြစ် ဂျပန်နည်းပြဆရာ မစ္စတာ အာခီရဆူဇူကီးနှင့် ကစားသမားများဖြစ်သည့် မိုးစန္ဒာထွန်း၊ ခင်မျိုးသူ၊ အေးအေးအောင်၊ အေးအေးသင်း၊ အောင်ထွန်းကျော်၊ စောမိုင်းစံနှင့် ဇေယျမင်းနိုင်တို့သည် ယနေ့ညပိုင်း၌ လေကြောင်းခရီးဖြင့် ပြန်လည် ရောက်ရှိလာကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲ အနုတ်၅၂ကီလိုတန်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုဆွတ်ခူးပေးသည့် အေးအေးသင်း(စက်မှု-၁)။ (မြန်မာ့အလင်း)

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲ အနုတ် ၅၅ ကီလိုတန်းတွင် ကြေးတံဆိပ်ဆွတ်ခူးပေးသည့် အောင်ထွန်းကျော်(ရထား)။ (မြန်မာ့အလင်း)

ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲ အနုတ် ၆၃ ကီလိုတန်းတွင် ကြေးတံဆိပ်ဆု ဆွတ်ခူးပေးသည့် အေးအေးအောင် (ဆောက်လုပ်ရေး)။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအား တွေ့ဆုံမှာကြားစဉ်။ (မြန်မာ့အလင်း)

လေ့ကျင့်သားပြည့်ဝအောင် ပြင်းပြင်းထန်ထန် လေ့ကျင့် မြန်မာ့မြားပစ် ကမ္ဘာ့အဆင့်ရောက်အောင် ကြိုးပမ်း

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ နံနက် ၈ နာရီက ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သို့သွားရောက်၍ အပြည်ပြည်ဆိုင်ရာ မြားပစ်ပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင် မြားပစ်အားကစားသမားများအား လိုအပ်ချက်များ မှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ) နှင့် အမှုဆောင်များ၊ လက်ရွေးစင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့အဆင့် သတ်မှတ်ရေး တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲနှင့် ဒုတိယအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်ပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိအောင်ယှဉ်ပြိုင်ရေး၊ လေ့ကျင့်သားပြည့်ဝအောင် ပြင်းပြင်းထန်ထန် လေ့ကျင့်ရေး၊ ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရအောင် ကြိုးပမ်းပြီး နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်အောင် ကြိုးပမ်းရေးနှင့် မြန်မာ့မြားပစ်အဆင့်အတန်းကို အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်၊ ကမ္ဘာ့အဆင့်ရောက်ရှိအောင် ကြိုးပမ်းသွားကြရေး မှာကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးတို့က အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရန် ရည်မှန်းပြီး လေ့ကျင့်နေမှုများ၊ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ပြိုင်ပွဲနှစ်ခုအတွက် ကြိုတင်ပြင်ဆင်နေမှုများ၊ လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်မှု၊ နေထိုင် စားသောက်မှု အခြေအနေ၊ လူငယ်သွေးသစ်အားကစားသမားများ အားပြုစုပျိုးထောင်ပေးနေမှုနှင့် မြားပစ်အားကစားဖြင့် နိုင်ငံဂုဏ်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်စွက် မှာကြားဖြည့်ဆည်းပေးသည်။ **(မြန်မာ့အလင်း)**

အဖျက်သမားများအန္တရာယ်အစဉ်သတိရှိကာကွယ်

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေပြီဖြစ်သည်။ ထို့အပြင် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ခိုင်ခိုင် မာမာ ဖြစ်ပေါ်လာရေးအတွက် အထက်ပါရရှိပြီးဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများကို အခြေခံကာ နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်နေပြီဖြစ်သည်။

သို့သော် ယခုကဲ့သို့ နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကောင်းများ ရရှိနေမှုကို မလိုလားသော ပြည်တွင်း ပြည်ပ အဖျက်သမားများသည် ၎င်းတို့ကို ကြိုးကိုင်နေသော နိုင်ငံကြီးတချို့၏ အစီအမံများအတိုင်း ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်များ ပျက်စီးဆုံးရှုံးစေရန်အတွက် ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များစေလွှတ်ပြီး အဖျက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားအုပ်စုများအချင်းချင်း ချိတ်ဆက်ပြီး နိုင်ငံအတွင်းတွင် ဆူပူအကြမ်းဖက်မှုများပေါ်ပေါက်စေရန် လှုံ့ဆော်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်ကို သိရှိခဲ့ရသဖြင့် ပြည်သူလူထုသို့ အသိပေးထုတ်ပြန်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သကဲ့သို့ ထိုအဖျက်အမှောင့် လုပ်ရပ်များကို လက်မခံသော ပြည်သူလူထုကလည်း ပြည်သူ့စွမ်းအားရှင်အဖွဲ့များနှင့် ပူးပေါင်းပြီး ဆူပူလှုံ့ဆော်ရေးသမားများနှင့် အကြမ်းဖက် အဖျက်သမားများ၏ လုပ်ရပ်များကို တားဆီးကာကွယ်ခဲ့ကြပြီ ဖြစ်သည်။

အကွက်ချစီစဉ်

ယခုအချိန်တွင်လည်း ၁၉၈၈ခုနှစ် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်လှုပ်ရှားခဲ့သူများ၊ ပြည်တွင်းရှိ ပြည်ပဩဇာခံ နိုင်ငံရေးပါတီတစ်ခုမှ ပါတီဝင်များသည် ပြည်ပနိုင်ငံကြီးတစ်ခု၏ စီမံအကွက်ချ ငွေကြေးထောက်ပံ့မှုဖြင့် ဩဂုတ် ၈ ရက်တွင် ဘာသာရေးအခမ်းအနားများကို အကြောင်းပြကာ လူစုလူဝေးပြုလုပ်ခြင်း၊ ရွှေတိဂုံစေတီတော်သို့ သွားရောက်ပြီး ဆုတောင်းပွဲအခမ်းအနား ပြုလုပ်ခြင်း၊ သွေးထိုးလှုံ့ဆော်စာများ ဖြန့်ဝေခြင်းတို့ကိုပြုလုပ်ရန် အကွက်ချစီစဉ်မှုများ ပြုလုပ်နေကြောင်း သိရှိရသည်။

သို့ပါ၍ ဤသို့သောအချိန်အခါတွင် အာဏာကို ဖြတ်လမ်းမှ ရယူလိုသော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဆူပူအုံကြွရေး လုပ်ကြံဖန်တီးမှုများကြောင့် တိုင်းပြည်တွင် ရရှိထားပြီးသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးမှုရလဒ်ကောင်းများ ဆုံးရှုံးမှုမရှိစေရေး၊ တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ပြည်သူများအနေဖြင့် တိုင်းပြည်ကို တည်ဆောက်သူနှင့် ဖြိုခွဲသူများအား ကွဲကွဲပြားပြား သိမြင်ပြီး အဖျက်သမားများ၏ အန္တရာယ်မှ ကာကွယ်တားဆီးသွားရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမိုင်းဝင်စေတီလမ်းကျောက်ခင်းရန် ငွေကျပ်တစ်သိန်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၇

လှည်းကူးမြို့မှ ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာနဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီ ကုန်းမြေအရောက် နှစ်မိုင်ရှိသောမြေသားလမ်းကို ကျောက်ခင်းရန်အတွက် ခေတ္တကနေဒါနိုင်ငံရောက် ဦးမြင့်ရွှေ-ဒေါ်သန်းမြမိသားတစ်စုတို့က ငွေကျပ် ၁၀၀၀၀၀ ကို ပဓာန နာယက ဆရာတော်ထံ ဩဂုတ်၅ရက်က လာရောက်လှူဒါန်းသည်။ အလှူငွေများကို ဦးအံ့ကူး ဖုန်း-၀၉-၅၀-၀၁၀၈၀၊ ၅၄၂၀၇၉၊ ဦးစော မောင်-ဒေါ်လှလှ ဖုန်း-၆၂၉၁၄၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဦးစိုးလွင်အားရည်စူး၍ အမှတ် ၃၀ ခေမာသီလမ်း သီရိရတနာရိပ်သာ မိကျောင်းကန်အပိုင်း-၃ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ကြည်ကြည်မေ (စိုးပင်နယံနှင့်ပန်ကာလုပ်ငန်း)နှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မူးယစ် ဆန့်ကျင် အောင်ပွဲဆင်

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဘောလုံးသတင်းများနှင့် ပတ်သက်သော နောက်ဆုံးဖြစ်ရပ်များကိုစုစည်း၍ မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။

နယူးကာဆယ်မှဖာရီ ချယ်လ်တန်သို့ ပြောင်းရွှေ့မည်

ဆီနီဂေါ ကွင်းလယ်ကစားသမားနှင့် နယူးကာဆယ် ကွင်းလယ် ဘောလုံးသမားလည်းဖြစ်သည့် ဖာရီသည် ချယ်လ်တန်အသင်းသို့ ပြောင်းရွှေ့ရေး ပြောဆိုဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်သည်။

နယူးကာဆယ်မှ ဖာရီ။
(ဓာတ်ပုံ-အင်တာနက်)

အသက်၂၉နှစ်အရွယ် အမာဒိုင်ဖာရီသည် ပို့စ်မောက်အသင်းမှ ၂၀၀၅ခုနှစ်တွင် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်ငွေနှစ်သန်းဖြင့် ရောက်ရှိလာခြင်းဖြစ်ပြီး နယူးကာဆယ် နည်းပြဟောင်း ဂရေမီဆောင်းနက်က သဘောကျ၍ အသင်းအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်တန်အသင်းသို့ ပြောင်းရွှေ့ရေးအတွက် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်ရန် မိမိတို့အနေဖြင့် ဖာရီအား ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း နယူးကာဆယ်ကလပ်က ပြောကြားသည်။ ဖာရီအနေဖြင့်လည်း နယူးကာဆယ်မှ ထွက်ခွာကာ ချယ်လ်တန်အသင်းတွင် သွားရောက်ကစားရန် ဆန္ဒရှိနေသည်။

ပို့စ်မောက်တိုက်စစ်မှူး လွာလွာ ရာသီအစပွဲစဉ်များနှင့်လွဲပြီ

ပို့စ်မောက်တိုက်စစ်မှူး လွာလွာသည် ဩဂုတ် ၅ ရက်က ကစားခဲ့သော အောက်ဖို့ဒ်ကလပ်နှင့် ချစ်ကြည်ရေးပွဲကစားခဲ့ရာ၌ ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် ယခုနှစ် ဘောလုံးရာသီအစပွဲစဉ်များ၌ ပါဝင်ကစားနိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

ပို့စ်မောက် တိုက်စစ်မှူး လွာလွာ။
(ဓာတ်ပုံ-အင်တာနက်)

အသက် ၂၅ နှစ်အရွယ်ရှိ လိုမာနာ လွာလွာသည် ပြီးခဲ့သည့်သီတင်းပတ်က သုံးနှစ်စာချုပ်ဖြင့် ပို့စ်မောက်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လွာလွာ၏ ဒဏ်ရာသည် ပြင်းထန်သောအနေအထားရှိကြောင်း၊ ခြေချင်းဝတ်တွင် ရောင်ကိုင်းနေကြောင်း ပို့စ်မောက်ကလပ်က ပြောကြားသည်။

လွာလွာ၏ ခြေချင်းဝတ်အရွတ် စုတ်ပြတ်သွားဖွယ်ရှိကြောင်း၊ ထိခိုက်မှုများနိုင်ကြောင်း ပို့စ်မောက်ကလပ်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ဂါရီဆတ်ဒါက ပြောကြားသည်။ မိမိအနေဖြင့် မည်သည့်အတိုင်းအတာအထိ ဖြစ်နိုင်သည်ကို မသိကြောင်း၊ အနည်းဆုံးသီတင်းနှစ်ပတ်သို့မဟုတ် ရာသီအစပွဲစဉ်များ၌ ပါဝင်ကစားနိုင်မည်ဟု မထင်ကြောင်း လွာလွာက ပြောကြားသည်။

ရိန်းဂျားခံစစ်မှူး စီတူး ဝေါ့ဖို့ဒ်နှင့် စာချုပ်

ရိန်းဂျားအသင်းခံစစ်မှူး စီတူးသည် ဝေါ့ဖို့ဒ်ကလပ်နှင့် ကနဦးပြောင်းရွှေ့ကြေး ပေါင်ငွေ ၁ ဒသမ ၆ သန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ အပြီးသတ် ပြောင်းရွှေ့ကြေး ပေါင်သုံးသန်းကို နှစ်ကြိမ်ခွဲပြီး ဝေါ့ဖို့ဒ်က ပေးချေပေးသွားမည် ဖြစ်သည်။

နိုင်ဂျီးရီးယား နောက်တန်းကစားသမား ဒန်နီစီတူးသည် ၂၀၀၂ခုနှစ်တွင် ချယ်လ်တန်အသင်းမှ ရိန်းဂျားသို့ ပေါင်ငွေသုံးသိန်းခွဲဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ရိန်းဂျားအတွက် ပွဲပေါင်း ၁၆၂ပွဲ ကစားပေးခဲ့သူ ဖြစ်သည်။

ရိန်းဂျားခံစစ်မှူး စီတူး။ (ဓာတ်ပုံ-အင်တာနက်)



အသက် ၂၅နှစ်အရွယ် စီတူးသည် ဝေါ့ဖို့ဒ်နှင့်အတူ ရာသီအကြိုခြေစမ်းပွဲအဖြစ် ဩဂုတ် ၈ ရက်**(ယနေ့)**တွင် အင်တာမီလန်အသင်းနှင့် ကစားရာတွင် ပါဝင်မည်ဖြစ်သည်။

ဝက်စ်ဟမ်းနောက်ခံလူ ဘူဂေးရီးယားနှင့်ပွဲလွဲမည်

ဝေလကစားသမားနှင့် ဝက်စ်ဟမ်း နောက်တန်းဗဟို ခံစစ်မှူးဖြစ်သူ ဂတ်ဘီဒွန်သည် အူကျမှုကြောင့် ခွဲစိတ်ကုသထားသဖြင့် လာမည့်ဩဂုတ်၁၅ရက်တွင် ဘူဂေးရီးယားနိုင်ငံ စဝမ်ဆီမြို့တွင် ဘူဂေးရီးယားဘောလုံးအသင်းနှင့် ခြေစမ်းပွဲတွင် ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း ဝက်စ်ဟမ်းကလပ်က ပြောကြားသည်။

ဝက်စ်ဟမ်းနောက်ခံလူ ဂတ်ဘီဒွန်။
(ဓာတ်ပုံ-အင်တာနက်)

အသက် ၂၆ နှစ်အရွယ်ရှိ ဂတ်ဘီဒွန်၏ ခွဲစိတ်ကုသမှု အခြေအနေမှာ တိုးတက်မှု နှေးကွေးနေသဖြင့် ရာသီအကြိုခြေစမ်းပွဲအဖြစ် ဂရိအသင်းနှင့်ကစားမည့်ပွဲ၌လည်း ပါဝင်ဖွယ် မရှိနိုင်ကြောင်း သိရသည်။ ။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့ နံပါတ်တစ် ဂေါက်သီးအကျော် တိုက်ဂါးဝုဒ် အလုံး ၅၀ မြောက်ဖလား ဆွတ်ခူးနိုင်ရန် လက်တစ်ကမ်းသာလို

ရေးသားတင်ပြသူ

မြင့်မောင်စိုး

မီချီဂန် ဩဂုတ် ၇

ကမ္ဘာ့နံပါတ်(၁) ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်သည် မီချီဂန်၌ ယှဉ်ပြိုင်ကစားသည့် ဗျူးရစ်အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယနေ့က ၆၆ချက်ရိုက်ပြီး ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည်။



ကမ္ဘာ့ နံပါတ်တစ် တိုက်ဂါးဝုဒ်။

ဒုတိယလိုက်

ငင်းသည် သုံးရက်ကစားအပြီး သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျှော့ရိုက်ထားသည်။ အမေရိကန်မှ ဂလိုဗာ၊ ဗားပလန့်နှင့် ဩစတြေးလျမှ ရောဘတ်အယ်လ်လင်ဘိုင်တို့က တိုက်ဂါးဝုဒ်၏ နောက်မှ ၁၆ ချက်စီ လျှော့ရိုက်ကာ ဒုတိယလိုက်နေကြသည်။

လက်တစ်ကမ်းလို

တိုက်ဂါးဝုဒ်သည် ပြိုင်ဘက်များကို နှစ်ချက်အသာရထားပြီးဖြစ်၍ အလုံး ၅၀မြောက်ဖလား ဆွတ်ခူးရန် လက်တစ်ကမ်းသာ လိုတော့သည်။

၂၀၁စီရိုက်ထား

ဗျူးရစ်အိုးပင်း နှစ်ကြိမ်ဆွတ်ခူးခဲ့ဖူးသော ဖီဂျီနိုင်ငံမှ ဗီဂျေဆင်းသည် ၁၅ချက်စီလျှော့ရိုက်ထားသည့် ကစားသမားငါးဦးတွင် အပါအဝင်ဖြစ်သည်။ ငင်းသည်ကနေဒါမှ မိုက်ဝေယာ၊ စကော့တလန်မှ စတီဖင်...

၁၁လုံးမြောက်ဖလား

တိုက်ဂါးဝုဒ်သည် မကြာသေးမီက ကြီးလေးကြီး ပြိုင်ပွဲဖြစ်သည့် ဗြိတိသျှအိုးပင်းဖလားကို ဆွတ်ခူးထားသည်။ အဆိုပါဖလားမှာ တိုက်ဂါးဝုဒ်အတွက် ကြီးလေးကြီးမှဆွတ်ခူးခဲ့သည့် ၁၁လုံးမြောက်ဖလားဖြစ်သည်။

(အင်တာနက်)

ဗြိတိသျှအိုးပင်းဖလား မီရှယ်ဝီးလ်လွဲပြန်ပြီ

လန်ဒန် ဩဂုတ် ၇

အသက် ၁၆ နှစ်သာရှိသေးသည့်မီရှယ်ဝီးလ်သည် အရပ်မြင့်မြင့်ဖြင့် ဂေါက်သီးကစား ကောင်းမွန်ခြင်းကြောင့် ကမ္ဘာ့အမျိုးသမီး ဂေါက်သီးရိုက်အားကစားသမား လောကတွင် ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ဝါရင့်ဂေါက်သီးမယ်

သူမသည် ပြီးခဲ့သောသီတင်းပတ်က အီဗီယန်မာစတာ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆွစ်ဇာလန်မှ ကမ္ဘာ့ နံပါတ်တစ်အဆင့်ရှိ ဆိုရင်စတမ်း၊ ဩစတြေးလျမှ ကာရီဝက်ဘ်၊ အမေရိကန်မှ ပေါလ်ခရေမာအစရှိသော ထိပ်တန်းဝါရင့် ဂေါက်သီးမယ်များဖြင့် ရင်ပေါင်တန်း ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။

ဖလားဆွတ်ခူး

ထိုကဲ့သို့ ဝါရင့်ဂေါက်သီးမယ်များအကြားယှဉ်ပြိုင်ရာတွင် သူမသည် စုစုပေါင်း လေးရက်ရိုက်ချက်တွင် ၁၅ ချက် လျှော့ရိုက်ကာ ဒုတိယလိုက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကာရီဝက်ဘ်က စုစုပေါင်း ၁၆ ချက်လျှော့ရိုက်ကာ ဖလားဆွတ်ခူးသွားခဲ့သည်။

ယခုသီတင်းပတ်တွင် မီရှယ်ဝီးလ်သည် ဗြိတိသျှအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်စွမ်းပြခဲ့ပြန်သည်။

ယခုပြိုင်ပွဲတွင် မီရှယ်ဝီးလ်သည် ယခင်အပတ်ပြိုင်ပွဲနှင့်စာလျှင် အလွန် လက်ရည်ကွာခြားသွားသည်။ဒုတိယနေ့ပြိုင်ပွဲအပြီး သူမသည် သတ်မှတ်ရိုက်ချက်ထက် လေးချက်ပိုရိုက်ထားသဖြင့် ဖလားနှင့် လွဲရပြန်ပြီ ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမေရိကန်မှ ရှာရီစတိန်းဟော်ရာက နှစ်ရက်ကစားအပြီး စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်နေသည်။ **(အင်တာနက်)**

မီရှယ်ဝီးလ်၏ ဂေါက်သီးကစားဟန်။

မာရီယာ ရှာရာပိုဗာ ၏ တင်းနစ် ကစားဟန် တစ်မျိုး။
(ဓာတ်ပုံ- အင်တာနက်)

အမည်ပြောင်း

ဦးကျင်ဟန်-ဒေါ်နန်းမြင့်မြင့်သိန်းတို့၏ သမီးဖြစ်သူ T.T.C Grade-II (°F°) မှ မယတီနိုင်အား ယနေ့မှစ၍ မဖြိုးအိကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြိုးအိကျော်။**

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ စာရင်းကိုင်ချုပ် (မ) တစ်ဦး
၂။ အင်ဂျင်နီယာ (ကျား) ငါးဦး

အမှတ်စဉ်(၁)အတွက် CPA ဘွဲ့ရရှိပြီး အသက် (၃၀)နှစ်အထက်နှင့် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး နှစ်နှစ်ရှိရမည်။

အမှတ်စဉ်(၂)အတွက် A.G.T.I, B.E ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိရမည်။

နယ်တွင်တာဝန်ထမ်းဆောင်ရမည်။ ယခုကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာသို့ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

A°1 Construction Co., Ltd.

အမှတ် ၄၁၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှု အမှတ် - ၅၃၂

မသက်ထက်ဇော် နှင့် ၁။ မောင်သက်လင်းဝင်း
၂။ မဝင်းပပထွန်း

(တရားလို) **(တရားပြိုင်)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် ၆၃/ဒီ မောင်သက်လင်းဝင်းနှင့် မဝင်းပပထွန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက စာချုပ်ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်တို့ထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၆ခုနှစ် ဩဂုတ် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမကြီးမှု အမှတ်-၇၇၄

မသက်ထက်ဇော် နှင့် မောင်သက်လင်းဝင်း

(တရားလို) **(တရားပြိုင်)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် ၆၃/ဒီ မောင်သက်လင်းဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မယားစရိတ်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဩဂုတ် ၂၅ရက်(၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့်သင်ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဩဂုတ် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်ငွေ
တိုင်းတရားသူကြီး။

သတိပေးကြေညာခြင်း

ရန်ကုန်မြို့၌ အခြေစိုက်လုပ်ကိုင်သော Myanmar World Distribution Co., Ltd.သည် မြန်မာပြည်တစ်ဝန်း၌

* Technology Planning
* Wireless Communication
* Optical Networking
* Network Management Systems
* Network Infrastructure
* Information Security
* Communication Management Systems
* Communication Management Services

လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကုမ္ပဏီ Board of Director အဖွဲ့မှ သဘောတူညီမှုဖြင့်သာ သုံးစွဲသူများအတွက် ကျေနပ်မှုအပြည့်အဝရရှိအောင် တာဝန်ခံပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ Myanmar World Distribution Co., Ltd. ၏ Board of Director အဖွဲ့မှ သိရှိသဘောတူညီခြင်းမရှိဘဲ လုပ်ငန်းဆိုင်ရာများအတွက် စာချုပ်ချုပ်ဆိုစေခြင်း၊ လုပ်ကိုင်ဆောင်ရွက်စေခြင်းမျိုး မရှိပါ။ Myanmar World Distribution Co., Ltd.မှ သိရှိသဘောတူခြင်းမရှိဘဲ ကုမ္ပဏီလုပ်ငန်းဆိုင်ရာများအတွက် စာချုပ်များချုပ်ဆိုခြင်းမျိုးအပါအဝင် မည်သည့်လုပ်ကိုင်ဆောင်ရွက်မှုမျိုးကိုမဆို ကုမ္ပဏီမှ တာဝန်ခံမည်မဟုတ်ပါ။ အကယ်၍ Myanmar World Distribution Co., Ltd.၏ ဂုဏ်သတင်း Good Will ကို ယူငင်သုံးစွဲ၍ မမှန်မကန် ပြုကြသည်ရှိသော် ထိုသို့ပြုသူ မည်သူကိုမဆို သက်ဆိုင်ရာဥပဒေကြောင်းများအရ အရေးယူခြင်း ခံကြရလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။

Myanmar World Distribution Co., Ltd.၏ညွှန်ကြားချက်အရ-

ဦးသန်းအောင်(ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရ)
တရားရုံးချုပ်ရှေ့နေ/နိုတြီပဗ္ဗလစ်
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၅၄၆၄၊ ၃၈၃၈၂၉။

ဖခင်အမည်မှန်

ရန်ကင်းမြို့နယ် အလက-၁၊ အဌမတန်း(B)မှ မောင်ပြည့်စုံထွန်း၏ ဖခင်အမည်မှန်မှာ ဦးချိုထွန်း ၁၂/ရကန(နိုင်)၀၆၀၈၀၄ ဖြစ်ပါသည်။ **ဦးချိုထွန်း။**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၇

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ အသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို ဩဂုတ် ၆ရက် နံနက် ၉နာရီက ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း နာယကများ၊ အကြံပေးပုဂ္ဂိုလ်များ၊ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဖိတ်ကြားထားသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် အသင်းနာယကဒေါ်ဆယ်၊ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါ်စိန်စိန်၊ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဒေါ်ဝါဝါထွန်းတို့က ဆောင်ရွက်ကြသည်။ ရှေးဦးစွာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ သီရိသုဓမ္မသိင်္ဂီ လူမှုထူးချွန် ပထမဆင့် ဒေါ်ခင်မြင့်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားပြီး (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဒေါ်လှဝတီက ဖတ်ကြားတင်ပြပြီး အကြံပေးပုဂ္ဂိုလ် အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ၂၀၀၅-၂၀၀၆ နှစ်ချုပ် စာရင်းရှင်းတမ်းကို ဘဏ္ဍာရေး အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်ငွေးယူက ဖတ်ကြားတင်ပြပြီး ဒုတိယဥက္ကဋ္ဌဒေါ်နုနုရီက ကျေးဇူးတင်စကားပြောကြားသည်။

နှစ်ပတ်လည် အထွေထွေ အစည်းအဝေး၌ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို နံနက်၈နာရီမှ ည၈နာရီအထိ ခင်းကျင်းပြသရောင်းချပြီး ညစာစားပွဲကို ဆီဒိုးနားဟိုတယ်၌ ဆက်လက်ပြုလုပ်ခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဆီဒိုးနားဟိုတယ်၌ကျင်းပသည့် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များ၏အရောင်းပြခန်းတွင် မှန်ချို တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးပြခန်းကို တွေ့ရစဉ်။

(မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

ထျန်းရှီကုမ္ပဏီ အရောင်းကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတကာကုမ္ပဏီတစ်ခုဖြစ်သော ထျန်းရှီကုမ္ပဏီ(Tianshi Group)ဥက္ကဋ္ဌ မစ္စတာလီကျင်ယွမ်နှင့် ကုမ္ပဏီ၏အရောင်းကိုယ်စားလှယ်များတွေ့ဆုံပွဲကို ဩဂုတ်၇ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာလီကျင်ယွမ်နှင့် Tianshi Myanmar Branch အထွေထွေမန်နေဂျာ မစ္စတာလီထရယ်ကောင်းတို့က အမှာစကားပြောကြားကြသည်။**(အောက်ပုံ)**

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌက ပြည်တွင်းရှိ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တက်ရောက်လာသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထျန်းရှီကုမ္ပဏီသည် နိုင်ငံပေါင်း ၁၀၈နိုင်ငံ၌ ရုံးခွဲပေါင်းများစွာ တည်ထောင်ထားကာ တရုတ်ပြည်မကြီး၌ပင် ဆိုင်ခွဲပေါင်း ၃၀၀၀ကျော်ရှိသည်။ မြန်မာနိုင်ငံသို့ တရုတ်တိုင်းရင်းဆေးကို အခြေခံသော ကယ်လ်ဆီယမ်ပေါင်ဒါ အပါအဝင် ကျန်းမာရေးအထောက်အကူပြု အစားအစာများ၊ အဆီကျ လက်ဖက်ခြောက်၊ အလှကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ သွေးပေါင်ချိန်ထိန်းညှိပေးသောကိရိယာ စသည်ဖြင့် ထုတ်ကုန်ပေါင်း ၂၀ကျော်ကို ဖြန့်ဖြူးပေးနေသော ကုမ္ပဏီဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ပါကစ္စတန်၌မိုးသည်းထန်စွာရွာသွန်းပြီးရေလွှမ်း လူ၁၄၀ကျော်သေဆုံး၊ အိုးအိမ်နှင့်တံတားများပျက်စီး

အစ္စလမ္မာဘတ် ဩဂုတ် ၇

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သဖြင့် လူ ၁၄၀ကျော်သေဆုံးခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဩဂုတ်၇ရက်တွင် မာဒန်မြို့၌ လူသေအလောင်း ၄၃လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး အချို့မှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ထို မြို့တွင် တိုက်ခံအိမ် ၁၆၀၀၀ ခန့် ပျက်စီးခဲ့ပြီး တံတားများလည်း ကျိုးကျခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နှိုးဆော်ထား

ပါကစ္စတန်နှင့်အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင်လည်း ထောင်ပေါင်းများစွာသော ဒေသခံများအား နေအိမ်များမှ စွန့်ခွာကြရန် နှိုးဆော်ထားကြောင်းသိရသည်။

ရေနစ်မြုပ်ခဲ့ရ

ပြီးခဲ့သောနှစ်က ငလျင်ဒဏ်ခံခဲ့ရသော ဒေသနှစ်ခုအပါအဝင် ပါကစ္စတန်၏ အနောက်မြောက် ဖရွန်တီယာပြည်နယ်ရှိ ဒေသငါးခုတွင် ရေလွှမ်းမိုးမှုဒဏ်ကိုခံခဲ့ရသဖြင့် ကျေးရွာပေါင်းများစွာ ရေနစ်မြုပ်ခဲ့ရပြီး ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

စွန့်ခွာထွက်ပြေး

အလားတူ အိန္ဒိယနိုင်ငံ၏ တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုကြောင့် ဒေသခံများ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တောင်ပိုင်းတွင် မိုးသည်းထန်မှုကြောင့် လေးရက်အတွင်း လူ၁၀၀ကျော် သေဆုံးခဲ့ရပြီးဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

(အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ မာဒန်မြို့တွင် ရေလွှမ်းမိုးမှုကြောင့် တံတားတစ်စင်းပျက်စီးနေသည်ကို ဩဂုတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စာရေးတံ စဉ်လာပွဲပေမို့

စာရေးတံ စဉ်လာပွဲ
ဆင်ခါနွဲ့ ဤဝါခေါင်
ယဉ်စွာပဲ ရှည်ကြာအောင်
ရည်ကာဆောင် လှူဒါန်း။
ခတ္တာပန်း ရာသီခါ
ညာညီစွာ ဖူးပွင့်ကြိုင်လန်း။
ခြသေ့်ရုပ် သိဟ်ရာသီငယ်
ချိန်ခါဆီ တင့်ဆန်း။
နေ့နာရီ စတုတ္ထိမှန်းလျှင်
ညဥ့်ဂဏန်း ဆဗ္ဗီ၊
သရဝဏ် နက္ခတ်ပြလို့
ဝင်းပပ မြားသဏ္ဍာန်ချီ၊
မောင်နှံ့ငှက် တူယှဉ်မှီကာ
ကူတွန်မြည် ရှင်မြူးလို့
ရင့်ကျူးလျက် လွမ်းချက်ထူးစွာ၊
ကမ်းထက်လူးလာ၊
နဒီမြစ် ကမ်းပြည့်ကာငယ်
လွမ်းသည့်အရာ မှတ်တမ်းမို့လေး။ ။

ဝါခေါင်လ စာရေးတံလှူပွဲသည် မဇ္ဈိမဒေသ၌ ဘုရားရှင်လက်ထက်တော်ကပင် ပေါ်ထွန်းခဲ့သည်၊ အခါတစ်ပါးမှာ ဘဂဝါဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်၊ ထိုအချိန်က ရာဇဂြိုဟ်တစ်ပြည်လုံးတွင် မိုးအလွန်ခေါင်နေ၍ အစာရေစာ ငတ်မွတ်ခေါင်းပါးသော ဘေးကြီးဆိုက်ရောက်လာပါသည်၊ လူအများသည် သာသနာပြု ရဟန်းသံဃာတော်များအား ဆွမ်းမလှူဒါန်းနိုင်ပဲ ဖြစ်နေကြပါသည်။

သို့ဖြစ်၍ အချို့ပုဂ္ဂိုလ်များက ရဟန်းသံဃာတော်အများထံမှ တစ်ပါးနှစ်ပါး၊ တစ်ကျိပ်နှစ်ကျိပ်စသည်ဖြင့် မိမိတို့ကြည်ညိုရာ ရွေးကောက်လှူဒါန်းကြသည်၊ အချို့ပုဂ္ဂိုလ်များ စာရေးတံမဲချ၍ စွမ်းအားရှိသမျှ လှူဒါန်းကုသိုလ်ယူကြပါသည်၊ ဤသို့ စာရေးတံဖြစ်ပေါ်လာခြင်းအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြရာ ဘုရားရှင်က–

၁။ သံဃာဘတ်၊ သံဃာအားလုံးအတွက် လှူဒါန်းသောဆွမ်း

၂။ ဥဒ္ဒေသဘတ်၊ တစ်ပါးနှစ်ပါးစသည့် ရည်ညွှန်း၍ လှူဒါန်းသောဆွမ်း

၃။ နိမန္တနဘတ်၊ ပင့်ဖိတ်၍လှူဒါန်းသောဆွမ်း

၄။ သလာကဘတ်၊ စာရေးတံမဲချ၍ လှူဒါန်းသောဆွမ်း

၅။ ပက္ခိကဘတ်၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူဒါန်းသောဆွမ်း

၆။ ဥပေါသထိကဘတ်၊ ဥပုသ်နေ့၌ လှူဒါန်းသောဆွမ်း

၇။ ပါဋိပဒိကဘတ်၊ ဥပုသ်ကျော်တက် တစ်ရက်နေ့၌ လှူဒါန်းသော ဆွမ်းစသော ဆွမ်းများကို ခွင့်ပြုတော်မူသည်။

ယင်းသို့ ဘုရားရှင် ခွင့်ပြုတော်မူချိန်မှအစပြု၍ စာရေးတံမဲချ၍ လှူဒါန်းရသော ဆွမ်း(သလာက၊ စာရေးတံမဲ၊ ဘတ်၊ ဆွမ်း) ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုသို့ ဆွမ်းလှူဒါန်းမှုကို လက်ခံရန် ဘုရားရှင်ခွင့်ပြုတော်မူသောအခါ အဆိုပါ စာရေးတံ ဆွမ်းကိစ္စအတွက် စီစဉ်ရန် ရဟန်းတစ်ပါးကို သံဃာတော်များက ဘတ္တုဒ္ဒေသက(ဆွမ်းညွှန်သူ) ရဟန်းအဖြစ် သံဃသမ္မုတိပေးကာ တင်မြှောက်ကြသည်ကို တင်မြှောက်ခံရသော

ခိုင်ရွှေကြာ

"ဘတ္တုဒ္ဒေသက"ဆွမ်းညွှန်ရဟန်းတော်သည်–

ဆန္ဒာဂတိ၊ ချစ်ခြင်းကြောင့် မပြုသင့်သည်ကိုပြုခြင်း၊

ဒေါသာဂတိ၊ အမျက်ထွက်၊ မုန်းခြင်းကြောင့် မပြုသင့်သည်ကို ပြုခြင်း၊

မောဟာဂတိ၊ တွေဝေခြင်း၊ မသိခြင်းကြောင့် မပြုအပ်သည်ကို ပြုခြင်း၊

ဘယာဂတိ၊ ကြောက်ခြင်းကြောင့် မပြုအပ်သည်ကိုပြုခြင်းဟူသော အဂတိ(မပြုသင့်သည်ကိုပြုခြင်း) လေးပါးကို မလိုက်စားရခြင်း၊ ညွှန်ပြီး မညွှန်ရသေးသည်ကို သိရှိရခြင်း ဤအင်္ဂါငါးပါးနှင့် ပြည့်စုံအောင် ကျင့်ရပါသည်။

ဘုရားရှင်လက်ထက်တော်အခါက မလ္လာမင်း၏သား အရှင်ဒဗ္ဗကို ဆွမ်းညွှန်သူအဖြစ် ရွေးထားသည်၊ အရှင်ဒဗ္ဗသည် ရဟန္တာဖြစ်သည်၊ ဘတ္တုဒ္ဒေသက အရှင်ဒဗ္ဗက စာရေးတံမဲချပေးရသည်၊ ဤသို့ပင် ဘုရားရှင်လက်ထက်တော်က ပေါ်လာခဲ့သော စာရေးတံမဲပွဲသည် ယခု အချိန်တိုင်အောင် မတိမ်ကောသေးဘဲ စာရေးတံမဲချပွဲများ ကျင်းပလျက်ပင် ရှိနေပါသေးသည်။

ဝါဆိုပြီးစ ဝါရှားပါးသော ဝါခေါင်လသည် မိုးလေလ၏ အစပိုင်းဖြစ်နေသည်မို့ ဧရာဝတီ၊ သလ္လာဝတီအစရှိသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ် ရေများကမ်းနဖူးပေါ် ရောက်အောင်ပြည့်လျှံနေသဖြင့် **"မျှော်ယောင်သာပန်းတော့တယ်"**စသော လွမ်းချင်းကဗျာဖြင့် မဟာအတုလမင်းကြီးက စပ်ဆိုရေးသားခဲ့ခြင်း ဖြစ်ပေမည်။

ခြသေ့်ရုပ်ဖြင့်ပြသော သိဟ်ရာသီအချိန်ရောက်လာပြီဆိုမှဖြင့် ဖူးပွင့်ဖို့ရန် ရာသီအချိန်ကို စောင့်ကြိုနေကြသော သိဟ်ရာသီပွင့်မြဲ ခတ္တာ ပန်းမာလာတို့သည် လန်းလန်းဖြာလျက် သူတို့တာဝန် ဝတ္တရားများကို ဆောင်ရွက်သည့်အနေဖြင့် အသရေအထူးတင့်ကာ ဖူးပွင့်လာကြပါတော့သည်။ မြင်းမိုရ်တောင်ကို ပတ်၍တည်သော နေမိန္ဒရအမည်ရသည့် တောင်များ ထွတ်စွန်ထက်ကောင်းကင်၌ သရဝဏ်နက္ခတ်တာရာ သုံးလုံးသည် မြားသဏ္ဍာန် တည်နေလျက် လက်လက်ဝေဆာ ဖိုးရွှေလစန္ဒာကို အန်တုသည့်အလား ထင်ရှားတောက်ပြောင် လဝါခေါင်၏ ကျက်သရေကို ဆောင်ကာ ဝါခေါင်လ၏ အသွင်ကို ပေါ်လွင်စေပါသည်။

ဝါခေါင်လသည် ဝဿာနဥတုမိုးတွင်း ဖြစ်သည့်အားလျော်စွာ အောက်အရပ်ဒေသများ၊ အထက်ဧရာဝတီ၊ သလ္လာဝတီချင်းတွင်းမြစ်စတင် စီးဆင်းသောအရပ်ဒေသများ၌နေ့မစဲညမစဲ အမြဲတမ်းလောက် ရွှေမိုးတွေညို့ညို့မှိုင်းကာ ရွာသွန်းချတတ်ပါသဖြင့် အလွမ်းအဆွေးရှိနေသူများအဖို့ "မီးလောင်ရာလေပင့်" ဆိုသောစကားအတိုင်း ဤသည့် ဝါခေါင်လတစ်ခို၌ ငိုချင်သလိုလို လွမ်းရတော့မလို အဆွေးတွေပိုလာတတ်ပါသည်။

"မျှော်ယောင်သာပန်းတော့တယ်၊ သောင်ကမ်းငယ်ပြည့်လျှံ၊ နဒီငယ်ခြံသည်၊ ပြည်မင်းစံ ရွှေဘုံက၊ အကုန်ထူးတဲ့လကိုလေး"

ရာသီငယ်နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်များထွတ်စွန်၊ သရဝဏ်လည်း၊ ရောင်ဝှန်တေဇာ၊ ပန်းခတ္တာနှင့် ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွမ်းရန်ဖွဲ့သည်ချိန်ကို ဒေဝရိန်ပဇ္ဇုန်မှူးက၊ မြူးလှတယ်လေး။ ။

အရဏ်ဆွမ်း လောင်းလှူ

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း မြန်အောင်သမ္မုဒ္ဒေအဓိဋ္ဌာန်အောင် သာသနာပြုဆရာတော်နှင့် ရဟန်းဒကာ ရဟန်းအမတို့က သံဃာတော်အပါး ၅၀၀ ကျော်တို့အား ဇူလိုင်၁၆ရက်က အရဏ်ဆွမ်းလောင်းလှူစဉ်။ (က–ပ)

မောင်တောမြို့နယ်၌ ကောက်စိုက်စွမ်းရည်ပြိုင် ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

မောင်တော ဇူလိုင် ၂၅

မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်အဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီခွဲက မောင်တောမြို့ မြို့သူကြီးကျေးရွာအုပ်စုရှိ ဧက၁၀၀ စံပြကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကိုကျင်းပသည်။

ဆုများချီးမြှင့်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်က ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရသော အသင်းများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြောင်းသိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်းအပြင် သန့်ရှင်းသာယာမှုရှိစေရန်အတွက် အသားရုံနှင့်ငါးရုံများ ခြင်ဆေးဖျန်းခြင်းကို ဇူလိုင် ၂၂ ရက်က ခေတ္တအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မူလတန်းဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ် ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျောင်းကုန်းမြို့နယ်၌ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၂၅

မူလတန်းဆင့် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် (မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၅ရက် နံနက်၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေတို့က အမှာစကားများ ပြောကြားကြသည်။**(ယာပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၃၅၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(၂၆၅)**

ကျောက်ပန်းတောင်းမြို့၌ ဝါဆိုသင်္ကန်းဆက်ကပ်

ကျောက်ပန်းတောင်း ဇူလိုင် ၂၄

ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေစာသင်တိုက်၏ (၃၁)ကြိမ်မြောက်စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက်က ဇောတိသုခရတနာလေးထပ်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသအမှူးပြုသော မဟာအောင်မြေစာသင်တိုက်အုပ် ဆရာတော်၊ စာချဆရာတော်များနှင့် သံဃာတော်စာသင်သားအပါး ၁၅၀ အား စာသင်တိုက် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်၍ သီလရှင် ယောဂီများ၊ ကုသိုလ်ရှင်များ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ (ဝဗ၁)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ဇူလိုင် ၁၉ ရက်က ရန်ကုန်မြို့ ကျုံးကြီးလမ်း ၂၅၉နေ ဦးမြဟန်အားရည်စူး၍ ဒေါ်ကျင်မြမိသားစုက အလှူငွေကျပ်တစ်သိန်း၊ အဘွားဒေါ်အေးရွှေနှင့်မိခင်ဒေါ်ကျင်မြအား အမှူးထား၍ ဒေါက်တာထွန်းမြင့်လတ်-ဒေါက်တာဌေးဌေးဟန်၊ သား ဘရိုင်ရမ်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာ ကိုဝင်းနိုင်-ဒေါက်တာစန်းစန်းအေးမိသားစုက ငွေကျပ်ငါးသောင်း၊ ကိုတင်မောင်ထွေး-မလေးခိုင်မိသားစုက ငွေကျပ်သုံးသောင်း၊ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ်(၂၆) နေ ဒေါ်ခင်သန်းဆွေ၊ ဒေါ်ခင်သန်းကြည်တို့က ငွေကျပ်တစ်သောင်း၊ ကော့ကရိတ်မြို့တရုတ်တန်းနေ ဦးပေါ်လာ-ဒေါ်ရှုပို့မိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်၃၉၀၀၀၀ လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ (Pre. Ph.D)က ဂုဏ်ပြုလွှာများ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (သတင်းစဉ်)

တောင်ကြီး၌ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲဆုချီးမြှင့်

တောင်ကြီး ဇူလိုင် ၁၈

ရှမ်းပြည်နယ် ပညာရေးဌာနက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဆဋ္ဌမအကြိမ် ပြည်နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက် မွန်းလွဲ၁နာရီက တောင်ကြီးမြို့ အတုလမာရဇိန်မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်နွယ်နီဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ပညာရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ချီးမြှင့်

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းများမှ ဓမ္မစကြာ ဝတ်ရွတ်အသင်းရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုရ အထက(၇)တောင်ကြီး၊ ဒုတိယဆုရအလက(၃)တောင်ကြီးနှင့်တတိယဆုရ အလက(၃) အောင်ပန်းတို့ကို ဒေါ်နွယ်နီဝင်းက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ပြည်နယ်ပညာရေး)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြိုင်နှင့်အဖွဲ့ ဇူလိုင် ၂၂ရက်က ပေါင်မြို့မ(မင်္ဂလာဈေး)အတွင်း ယင်လုံသံဆန်ခါဖြင့် ဈေးရောင်းချမှု၊ အိုင်အိုဒင်းဆားရောင်းချမှုနှင့် ဈေးအတွင်းရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်လှက ရှင်းလင်းတင်ပြစဉ်။ (၂၆၀)

စာကြည့်တိုက်များဖွံ့ဖြိုးရေးတွေ့ဆုံဆွေးနွေး

သီပေါ ဇူလိုင် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းသည် ကျောက်မဲခရိုင် ဦးစီးအရာရှိ ဦးမောင်ကိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇူလိုင်၂၀ရက်က သီပေါမြို့နယ်ရုံးရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ တိုးတက်မှု အခြေအနေများ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ဂျာနယ်၊ မဂ္ဂဇင်း၊ နေ့စဉ်ထုတ်သတင်းစာများ လှူဒါန်းရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

ကြည့်ရှု

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူးသည် သီပေါမြို့နယ်ရုံးတွင် ဝန်ထမ်းများ စိုက်ပျိုးထားသော ဆယ်ပင်ဆယ်မျိုးပန်းအလှပင်များ၊ စားသုံးသီးနှံပင်များ၊ ခြံစည်းရိုးကြက်ဆူပင်များနှင့် ကြက်မွေးမြူထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

တန့်ယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တန့်ယန်းမြို့ (၇)ရပ်ကွက်သန့်ရှင်းသော သောက်သုံးရေရရှိရေး လက်တူးတွင်း တူးဖော်မှုကို ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ ဦးအေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်ဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကမ်းနားလမ်းသန့်ရှင်းသာယာ လှပရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းကို ဇူလိုင် ၃ ရက်က ကမ်းနားလမ်းတွင် ဆောင်ရွက်ရာ ဒုတိယဦးစီးမှူး(သန့်) ဒေါ်အေးအေးသင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ ဒိုက်ဦး၌ကျင်းပ

ဒိုက်ဦး ဇူလိုင် ၃၀

ဒိုက်ဦးမြို့နယ်အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက်နံနက် ၁၀ နာရီက ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်က အဖွင့်အမှာစကား ပြောကြားပြီး **(အောက်ပုံ)** ပဲခူးခရိုင် အခွန်ဦးစီးဌာနဦးစီးမှူးဦးစိန်ဝင်းက အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက်
၉-၈-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား Fame ံ ံသွေးတိုးထိန်း ဆေး ထုတ်လုပ်မှုအကြောင်း-အပိုင်း(၁)
- ၁၂:၀၀ ယဉ်ကျေးမှု အနုပညာ (နိပါတ်ခင်း-ဦးမင်းနိုင်)
- ၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ကမ္ဘသတ္တိလေးတွေ-ရဝေနွယ်-အင်းမ)
- ၁၂:၃၅ သီချင်းကြီးပဒေသာ
  - (၁) နဝတတ္တကုဏ္ဍလာ (ပတ်ပျိုး) စောင်းသိန်းဖေ
  - (၂) ဘုန်းမြော့မြော့မင်း (ပတ်ပျိုး) ကမ္ဘောဇ မေသင်းရီ
  - (၃) မြိုင်ဟေမာ (ယိုးဒယား) ကိုမြသောင်း

ညနေပိုင်း

- ၁၇:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ငွေညို့ပင်
  - (၂) ပန်းကမ္ဘာလေး ဖျက်ပြေးသွားတယ်
  - (၃) တစ်ပင်မှာ တစ်ခါပဲနားမယ်
- ၁၇:၃၀ အစာနှင့် အာဟာရ (ပဲနောက်)
- ၁၇:၄၅ သူ့လက်သံ (အဆို၊အက၊ အရေး၊ အတီး ဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်၏ ဂီတာလက်သံ)
- ၁၈:၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
  - (၁) တရုတ်ပြည် ဂန္ထဝင်မြောက် ဆွန်ဇုတ်စစ်ပညာကျမ်း-စံလှိုင်
  - (၂) ချစ်တပည့်တို့ (ကောင်းသန့်)
- ၁၉:၁၅ သီချင်းကြီးတူရိယာအဖွဲ့ (စိမ်းရောင်စို-သီချင်းကြီးအဖွဲ့)
- ၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (ဥက္ကလာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ကိုလေးအောင်နှင့် ကြည်ကြည်ခိုင်စိုးတို့၏ **အလှူရေစက် လက်နဲ့မကွာ** တေးစီးရီး)

မိုင်းယုမြို့ရေပေးရေး တိုးချဲ့ဆောင်ရွက် တာတမံတည်ဆောက်၊ ပိုက်လိုင်းများသွယ်တန်း

မိုင်းယု ဇူလိုင် ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေပေးရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၃ ရက်ကရေထွက်တွင် တာတမံတည်ဆောက်ခြင်းနှင့် ပိုက်လိုင်းများ သွယ်တန်းခြင်း လုပ်ငန်းကို မိုင်းယုမြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးမြင့်ဘုန်းနှင့် မိုင်းယောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၂၀၀

ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးလှရွှေ
(မိတ္ထီလာမြို့) ၂။ ဒေါ်ခင်လှသင်း
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ၆ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ဈေးရပ်ကွက်ရှိ အကွက်အမှတ် (၁၁/က–ဈေးရပ်) ဦးပိုင်အမှတ် (၄/င–၃)မြေကွက်အမှတ်(၂၀/၂၃၈)မြေချိန်ဧရိယာ (၀ ဒသမ ၀၁၄)ဧကရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂၀x၂၇)ပေ သွပ်မိုး၊ ၄½–လက်မအုတ်ကာ၊ ကွန်ကရစ်ခင်း ကျောက်ပြား မျက်နှာကြက်–နှစ်ထပ်တိုက်၊ ရေလောင်းအိမ်သာ (၄x၅x၄)ပေရှိ အုတ်ရေကန်

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၃၅၀)

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စီစီ
တွဲဖက်တိုင်းတရားသူကြီး(၈)
မန္တလေးတိုင်းတရားရုံး။

SYM Transport Service

Ph: 204152 , 295510 , 726323

အမည်ပြောင်း

ဦးထွန်းရင်၏သား အလက(၂) ဗဟန်း စတုတ္ထတန်း(A)မှ မောင်စည်သူငြိမ်းချမ်းအား မောင်စိုးအုပ်မင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးအုပ်မင်း။

မီးအိမ်သစ်
အကူသူနာပြုသင်တန်း
တန်းခွဲသစ် (၂၅–၈–၂၀၀၆) ရက်စမည်။
ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေ တန်းခွဲများအတွက် စုံစမ်းနိုင်ပြီ။
ဆက်သွယ်ရန် – အမှတ် ၂၇၈၊ အနော်ရထာလမ်း၊
မော်တင်ဈေးအနီး၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့။
ဖုန်း–၀၉–၅၀–၁၀၁၅၆။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊နည်းဥပဒေ–၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅– ခုနှစ် တရားမဇာရီမှုအမှတ်– ၄၁၉ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးသက်ဆန်းဦး
ဝမ်းတွင်းမြို့ ၂။ ဒေါ်ကြည်လေး
တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ်၃၇၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ် စက်တင်ဘာ၂၅ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊အမှတ် (၃)ရပ်ကွက်၊ ကွင်း(၁၄၆၆/သဲတောမြောက်) ဦးပိုင်အမှတ်(၂၅၂/၄) မြေကွက်အမှတ် (အက်ဖ်–၆၀၀) ဧရိယာ ၀ဒသမ၀၆ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နံကပ် နှစ်ထပ်တိုက်၊ နံကပ်စတိုးဆိုင်အုတ်ရေကန်။

လေလံကြမ်းခင်းဈေး ကျပ်၁၁၅သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။
၂။ လေလံတင် ရောင်းချမည့် နည်းစနစ်များကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)၊ မန္တလေးတိုင်းတရားရုံး။



ပုဂံ–ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၃၀ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်းတိုက်မှန်ကျောင်း ရွှေနှင်းဆီဓမ္မဗိမာန်တော်၌ ကျင်းပရာ ဘုရားဖြူကျောင်းတိုက်ပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နရိန္ဒာဘိဝံသထံ အလှူရှင် ဂျူးမင်း သင်္ကန်းတိုက် ပိုင်ရှင် ဦးနွေးအောင်–ဒေါ်တင်ဝိုင်း၊ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အသင်းသူအသင်းသားများက ဝါဆိုသင်္ကန်းဆက်ကပ်ကြစဉ်။ (က–ပ)

ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး ကျေးရွာစာကြည့်တိုက်များအတွက် အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရွှေတောင် ဩဂုတ် ၄

ပြည်ခရိုင် ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေ၊ ရုပ်မြင်သံကြားပြစက်၊ ဘက်ထရီ၊ ပရိဘောဂ၊ စာအုပ်နှင့် စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၃ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးက စာကြည့်တိုက်များရေရှည်တည်တံ့ရေးအတွက် အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်းကကျေးရွာစာကြည့်တိုက်များသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလွှာ

ဆက်လက်၍ ဌာနဆိုင်ရာများ၊ စေတနာရှင် အလှူရှင် မြို့မိမြို့ဖများက အလှူငွေများပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ထွန်းအေး **(အပေါ်ပုံ)**၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်း၊ အဖွဲ့ဝင်(၁) ဦးအောင်ခင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဝင်းတို့က ဇုန်နယ်မြေလေးခုမှ ဇုန်နယ်မြေတစ်ခုချင်းစီ၏ ကိုယ်စားလှယ်များသို့ လှူဒါန်းပစ္စည်းများ ပေးအပ်သည်။

လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် ရုပ်မြင်သံကြားပြစက် ၁၈ လုံး၊ ဘက်ထရီ၁၁ လုံး၊ ဗီရို ခြောက်လုံး၊ စားပွဲ သုံးလုံး၊ကုလားထိုင် ၁၄ လုံး၊စာအုပ်စင် ရှစ်ခု၊ စာအုပ် မျိုးစုံ ၆၂၅ အုပ်နှင့် ငွေကျပ်၃၈၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၆၃၀၅၀၀ကို ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဂုဏ်ပြုလွှာပေးအပ်

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် အမှတ် (၁၆) အောင်မင်းခေါင်ရိပ်သာလမ်း ဝင်ဒါမီယာကမာရွတ် မြို့နယ်နေ ဦးရဲထွန်း–ဒေါ်မို့မို့အေးကျော် မိသားစုက ငွေကျပ်၁၀သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်က ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ငါန်းဇွန်မြို့နယ်၌ ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုး

ငါန်းဇွန် ဩဂုတ် ၁

ငါန်းဇွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ပန်းအလှပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို အပတ်စဉ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၅ရက်က ပြည်သူ့ဆေးရုံရှေ့လမ်းဘေးတွင်ယခင်စိုက်ပျိုးပြီး ပန်းအလှပင်များ အသစ်တိုးချဲ့စိုက်ပျိုးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ ပန်းခုံအသစ်များ ပြုလုပ်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးသောင်းထိုက် ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ရေနုတ်မြောင်းရှင်း

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသီရိခေမာဈေးအတွင်းရှိ ရေနုတ်မြောင်းများ ဆယ်ယူ ရှင်းလင်းမှုကို ဦးစီးအရာရှိ ဦးကျော်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့ အောင်ရိပ်သာလမ်းမဘေးဝဲယာရှိ ရေမြောင်းများတူးဖော်ရှင်းလင်းခြင်းနှင့် ချုံနွယ်မြက်များ ရှင်းလင်း ခြင်း တို့ကို ဇူလိုင် ၃၀ရက်က မြို့ပေါ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး၊ ဦးစီးအရာရှိ ဦးခင်မောင်မြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်အောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၈ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj˚ Mahasaranond˚ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်နှင့် ဇနီး ဦးဆောင်သည့်ချစ်ကြည်ရေးအဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond နှင့် ဇနီးတို့ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် စစ်သေနာပတိချုပ် General, Ruengroj Mahasaranond အား နေပြည်တော်လေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ (ဩဂုတ် ၈ ရက်)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး